ကြေးမုံ
The Mirror

၁၃၆၉ ခုနှစ်၊ နတ်တော်လပြည့်၊ တနင်္လာနေ့၊ (24-12-2007) (၅၅၄၁)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကောင်းမြတ်သည့် ရိုးရာအစဉ်အလာများကို သစ်လွင်သည့်ခေတ်အမြင်ဖြင့် မြှင့်တင်ပေး နိုင်ငံနှင့် လူမျိုး မြှင့်တင်ရေးတွင် စာပေနှင့်ယဉ်ကျေးမှု၏စွမ်းအားကို ထိရောက်စွာအသုံးချ ပြည်သူများကို နိုင်ငံတော်သစ်နှင့် ဆီလျော်ကိုက်ညီမည့် စိတ်ဓာတ်ရေးရာအခြေခံကောင်းများ၊ အလေ့အကျင့်ကောင်းများ၊ နိုင်ငံကြီးသားကျင့်ဝတ်များနှင့် ပြည့်စုံအောင် စာပေစွမ်းအားဖြင့် ဖော်ဆောင်

နေပြည်တော် ဒီဇင်ဘာ ၂၃

၂၀၀၆ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၂နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမဌကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး တက်ရောက် အမှာစကားပြောကြားပြီး ၂၀၀၆ ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆုနှင့် အမျိုးသားစာပေဆုရရှိကြသူ စာပေပညာရှင်များအား ဆုများကို ပေးအပ်ချီးမြှင့်သည်။

အဆိုပါ ဆုနှင်းသဘင်အခမ်းအနားသို့ စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင်၊ အစိုးရအဖွဲ့– အဖွဲ့ဝင် ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာ့သမိုင်းအဖွဲ့ဝင်များ၊ အမျိုးသားစာပေ တစ်သက်တာဆုနှင့် အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီဝင်များ၊ စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေး ကော်မတီဝင်များ၊ စာပေပညာရှင်များ၊ ရည်ညွှန်းကျမ်းအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ပုဂ္ဂလိကစာနယ်ဇင်းများမှ စာတည်းအဖွဲ့ဝင်များနှင့် သတင်းထောက်များ၊ စာပေဆုရရှိကြသူများနှင့် ၎င်းတို့၏ မိသားစုဝင်များ၊ ဖိတ်ကြားထားသူများ၊ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဝန်ထမ်းများ တက်ရောက်ကြသည်။

ဆုနှင်းသဘင် အခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဦးလှဝင်းကဆောင်ရွက်၍ တွဲဖက်အခမ်းအနားမှူးအဖြစ် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဒေါ်စန်းစန်းယဉ်က ဆောင်ရွက်ပြီး ရှေးဦးစွာ အခမ်းအနားမှူးက အခမ်းအနားအစီအစဉ်များကို ဖတ်ကြားကြေညာသည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ✻

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် အဖွဲ့ဝင်များ ၂၀၀၆ ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာ ဆုရ ဒေါ်ကြန် (စာရေးဆရာမကြီး မကြန်)နှင့် အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။(အပေါ်ဝဲပုံ)**နှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး ၂၀၀၆ ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆုရ စာရေးဆရာမကြီး ဒေါ်ကြန် (မကြန်)အား ဆုပေးအပ်ချီးမြှင့်စဉ်။** (အပေါ်ပုံ) (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror
၂၄-၁၂-၂၀၀၇
(တနင်္လာနေ့)

အသိဉာဏ်ပညာမြင့်မားရေး ကြိုတင်ပြင်ဆင် ဘေးပယောဂ လွှမ်းမိုးမှုများ သုံးသပ်ဆင်ခြင်

မျက်မှောက်အချိန်အခါတွင် သိပ္ပံနှင့်နည်းပညာရပ်များ တိုးတက်ပြောင်းလဲလျက်ရှိရာ အသိပညာခေတ်၏ စိန်ခေါ်မှုများကို ယှဉ်ပြိုင်ရင်ဆိုင်နိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်သည်။ နိုင်ငံသူ၊ နိုင်ငံသားများ၏ အသိဉာဏ်ပညာ မြင့်မြင့်မားမားရှိစေရန် ကြိုတင်ပြင်ဆင်ထားနိုင်မှသာ ဘေးပယောဂများ၏ လွှမ်းမိုးခြယ်လှယ်မှုများကို သုံးသပ်ဆင်ခြင် ရှောင်ရှားနိုင်ကြမည်ဖြစ်သည်။

ပညာရေးသည် နိုင်ငံသူ၊ နိုင်ငံသားအားလုံးနှင့် အကျုံးဝင်လျက်ရှိရာ ပညာရေးကဏ္ဍ၏တာဝန်သည် ကျောင်းသူ၊ ကျောင်းသားများနှင့် ပြည်သူတစ်ရပ်လုံး ပညာရည်မြင့်မားရေး၊ အသိအမြင်ဗဟုသုတနှင့် တွေးခေါ်မြော်မြင်မှု ပြည့်စုံစေရေး စွမ်းဆောင်ပေးကြရမည်ဖြစ်သည်။

ဆရာ၊ ဆရာမများသည် ကျောင်းသူ၊ ကျောင်းသား မျိုးဆက်သစ်လူငယ်များကို စာပေပညာတတ်မြောက် ကျွမ်းကျင်ရုံသာမက နိုင်ငံသားကောင်းစိတ်ဓာတ်နှင့် အရည်အသွေးများ ပြည့်ဝနေစေရန် လေ့ကျင့်ပျိုးထောင်ပေးကြရမည်ဖြစ်သည်။ အထူးသဖြင့် ဥပဒေစည်းကမ်းနှင့် လူမှုရေးကျင့်ဝတ်များ လေးစားလိုက်နာတတ်ရေး၊ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းများ မြတ်နိုးတန်ဖိုးထားရေး၊ အမျိုးသားရေးဂုဏ်သိက္ခာ ထိန်းသိမ်းမှု အလေ့အကျင့်ကောင်းများ ထွန်းကားစေရေး သင်ကြားပေးကြရမည်ဖြစ်သည်။

လူငယ်လူရွယ်များသည် ပျိုမျစ်နုနယ်တက်ကြွနိုးကြားမှုရှိသည်။ အပြုသဘောရှုမြင်တတ်ပြီး လူမှုရေးတာဝန်ကျေပွန်သည့် အစဉ်အလာရှိကြသည်။ ဆရာ၊ ဆရာမများအနေဖြင့် လူငယ်များ ပညာအရည်အသွေး ထက်မြက်ထူးချွန်ရေး၊ စည်းလုံးညီညွတ်ရေး၏ အခြေခံဖြစ်သည့် မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် အစဉ်ရှင်သန်နိုးကြားနေစေရေး အလေးထားသင်ကြား ပျိုးထောင်ပေးကြရမည်ဖြစ်သည်။

အတတ်ပညာရှင် ဆရာ၊ ဆရာမများက ပညာရေးတာဝန်များကို အမျိုးသားရေးအမြင်ဖြင့် ယှဉ်တွဲမြှင့်တင် ထမ်းဆောင်ကြခြင်းဖြင့် အရည်အသွေးမြင့် မျိုးဆက်သစ်လူငယ်များ စဉ်ဆက်မပြတ် ထွက်ပေါ်လာပြီး တည်တံ့ခိုင်ခံ့သော နိုင်ငံနှင့်လူမျိုး၏ အနာဂတ်ကို ဖန်တီးဖော်ဆောင်နိုင်မည် ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရန်ကုန်မြို့တော် ရေပေးဝေရေး စီမံကိန်း(ငမိုးရိပ်)ရေသန့်စင်စက်ရုံ ပြည်တွင်းသတင်းဂျာနယ်များမှ လာရောက်ကြည့်ရှုလေ့လာ

ရန်ကုန် ဒီဇင်ဘာ ၂၃

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် ဒီဇင်ဘာ ၂၁ ရက်က ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းအနီးရှိ ရန်ကုန်မြို့တော် ရေပေးဝေရေးစီမံကိန်း(ငမိုးရိပ်) ရေသန့်စင်စက်ရုံသို့ လာရောက်လေ့လာကြသည့် ပြည်တွင်းဂျာနယ်များမှ မီဒီယာများအား တွေ့ဆုံသည်။

ရန်ကုန်မြို့တော် ရေပေးဝေရေး စီမံကိန်း(ငမိုးရိပ်) ရေသန့်စင်စက်ရုံတွင် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက ရေပေးဝေရေးနှင့်ပတ်သက်၍ ပြည်တွင်းဂျာနယ်များမှ မီဒီယာများအား ရှင်းလင်းပြောကြားစဉ်။ (၁၉)

ရန်ကုန်မြို့တော် ရေပေးဝေရေး စီမံကိန်း(ငမိုးရိပ်) ရေသန့်စင်စက်ရုံသို့ လာရောက်လေ့လာသော ဂျာနယ်များမှ မီဒီယာများ၏ သိလိုသည်များကို မြို့တော်ဝန်၊ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)ဌာနမှူး ဒေါက်တာထွန်းသန်းထွန်း၊ စီမံကိန်းမန်နေဂျာ လက်ထောက်ဌာနမှူး ဦးကံမြင့်တို့က ရှင်းလင်းဖြေကြားသည်။

မြို့တော်ဝန်က ငမိုးရိပ်ရေပေးဝေရေး စီမံကိန်း စတင်ဖြစ်ပေါ်လာပုံနှင့် ပထမစီမံကိန်း၌ ရေခေါ်တူးမြောင်း၊ အကြိုအနည်ထိုင်ကန်၊ Low Lift Pump Station၊ အနည်စုဖွဲ့ကန်၊ အနည်ထိုင်ကန်၊ သဲရေစစ်ကန်၊ ရေတွန်းစက်၊ လျှပ်စစ်ပိုင်းဆိုင်ရာတို့ကို မြေပုံကားချပ်ဖြင့် ရှင်းလင်းပြောကြားသည်။

ထို့မှတစ်ဆင့် မြို့တော်ဝန်နှင့်အဖွဲ့သည် သတင်းဂျာနယ်များမှ မီဒီယာများနှင့် အတူ ပထမအဆင့် ငမိုးရိပ်ရေပေးဝေရေးစခန်း၌ အင်ဂျင်နီယာ (ရေနှင့်သန့်ရှင်းမှု)မှ လက်တွေ့ဆောင်ရွက်နေသည်ကို အဆင့်အလိုက်၊ ကဏ္ဍအလိုက် ရှင်းလင်းပြသသည်။ ဆက်လက်၍ မြို့တော်ဝန်က ရန်ကုန်မြို့တော် ရေပေးဝေရေးစီမံကိန်း(ငမိုးရိပ်) ဒုတိယအဆင့် အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို ဆက်လက်ပြသခဲ့ကြောင်း သိရှိရသည်။ (၁၉)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်းဝင်းအတွင်း တိုးချဲ့မြေနှစ်ကေ၌ သံဃာ့သုခ သုံးထပ်ကျောင်းဆောင်နှင့် အခြားသောသာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ကွယ်လွန်သူ ဦးအုန်းမောင်နှင့် ဒေါ်မမ(တောင်ငူ)တို့အား ရည်စူး၍ ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဆရာစံ(တောင်)ရပ်ကွက် နိဗ္ဗာန်ကျောင်းလမ်းနေ ဦးမောင်မောင်မြင့်-ဒေါ်ညွှန့်ညွှန့်ရီမိသားစုက အလှူငွေကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း အမှုဆောင် ဆရာတော် အရှင်အဂ္ဂါနန္ဒ (Ph.D) (Thesis) ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

လမ်းမတော်မြို့နယ် ဂီတစည်းရုံးရေးကော်မတီ ဖွဲ့စည်းတာဝန်ပေးအပ်

ရန်ကုန် ဒီဇင်ဘာ ၂၃

လမ်းမတော်မြို့နယ် ဂီတအစည်းအရုံး စည်းရုံးရေးကော်မတီ ဖွဲ့စည်းတာဝန် ပေးအပ်ပွဲကို ဒီဇင်ဘာ ၄ရက် မွန်းလွဲ ၁ နာရီက လမ်းမတော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမ၌ ကျင်းပရာ သဘာပတိ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်ဇော်က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို) ပြန်ကြားရေးမှူး ဓနုဖြူ ဦးစိုးသိန်းက ရှင်းလင်းတင်ပြသည်။

ဆက်လက်ပြီး စာဆိုတေးသံရှင် ဂီတာဖေဝင်းက လမ်းမတော်မြို့နယ် ဂီတအစည်းအရုံး စည်းရုံးရေးကော်မတီ စာရင်းကို ဖတ်ကြားရာ ဥက္ကဋ္ဌ စန္ဒရား ဦးတင့်ခိုင်၊ ဒု-ဥက္ကဋ္ဌ ဦးအောင်ငွေ၊ အတွင်းရေးမှူး ဦးအေးသန့်၊ ဘဏ္ဍာရေးမှူး ဦးအောင်ဇော်၊ စည်းရုံးရေးမှူး ရွှေမြိုင်မောင်အုန်း၊ ပြန်ကြားရေးမှူး ဦးဇော်ဝင်း၊ အဖွဲ့ဝင်များ-ဦးမင်းငွေ၊ ဦးမောင်မောင်ကြီး၊ ဦးသက်နိုင် (ဖိုးသက်)၊ ဒေါ်ပွင့်စပယ်၊ ဒေါ်ကေသီအုန်းတို့အား တာဝန်ပေးကြောင်း သိရသည်။**(အပေါ်ပုံ)** (က-ပ)

လှိုင်မြို့နယ် ဓမ္မာရုံလမ်းမကြီး ၁၁ ရပ်ကွက်နေ TOP STAR ဆောက်လုပ်ရေး အင်ဂျင်နီယာအဖွဲ့မှ ဦးစိုးနိုင်-ဒေါ်တင်မိုးစမ်း မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးဝင်းအတွင်း ဆောက်လုပ်လျက်ရှိသော ခြောက်ထပ် ဆေးရုံသစ်ကြီးအတွက် အလှူငွေကျပ်သိန်း ၅၀ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်နှင့် တွဲဖက်အတွင်းရေးမှူး(၁)ဦးသိန်းအောင်တို့လက်ခံယူစဉ်။ (က-ပ)

ပုပ္ပား(၂)မိုးကုတ်ရိပ်သာ(၁၀)ရက်တရားစခန်းပွဲ

ရန်ကုန် ဒီဇင်ဘာ ၂၃

မြောက်ဥက္ကလာပမြို့နယ် (ည) ရပ်ကွက် ပုပ္ပား(၂)မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ၌ လစဉ်တရားစခန်းပွဲ ဖွင့်လှစ်လျက်ရှိရာ ယခု(၁၅၈)ကြိမ်မြောက် တရားစခန်းပွဲကို ၁၃၆၉ ခုနှစ် နတ်တော်လပြည့်ကျော်(၃)ရက်၊ ဒီဇင်ဘာ ၂၇ ရက် ညနေ အရောက် ယောဂီများ လာကြရမည် ဖြစ်သည်။

တရားစခန်းပွဲတွင် ပုပ္ပား(၂)မိုးကုတ်ရိပ်သာ ဆရာတော် ဘဒ္ဒန္တသောဘန (ဓမ္မာစရိယ-LL.B)၊ ပန်းချီဆရာကြီး ဦးလွန်းကြွယ်နှင့် ပုပ္ပား(၃) မိုးကုတ်ရိပ်သာဆရာတော် ဘဒ္ဒန္တဇာဂရ (ဓမ္မာစရိယ-မဟာဓမ္မာစရိယ)တို့က ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဟောကြားကြမည်ဖြစ်၍ ယောဂီများ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၆၉၀၀၅၉ သို့ ဖြစ်စေ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

ဆုချီးမြှင့်

ဒီဇင်ဘာ ၂၀ ရက်က အမှတ်(၄)အခြေခံပညာ အလယ်တန်းကျောင်း သင်္ဃန်းကျွန်းမြို့နယ်၏ ၂၀၀၆-၂၀၀၇ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲနှင့် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်လှလေးသွယ်က တတိယတန်း ပညာရည်ချွန်ဆု ရရှိသည့် မဝေမာသူအား ဆုချီးမြှင့်စဉ်။ (က-ပ)

ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ၂၀၀၆ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ချီးမြှင့်ခြင်းခံရသူများနှင့် ဆုရွေးချယ်စိစစ်ရေးကော်မတီဝင်များအား တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲတွင် တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

၂၀၀၆ခုနှစ်အတွက် စာပေဆုချီးမြှင့်ခြင်းခံရသူများနှင့် ဆုရွေးချယ်စိစစ်ရေးကော်မတီဝင်များအား ဂုဏ်ပြုညစာစားပွဲ တည်ခင်းဧည့်ခံ

နေပြည်တော် ဒီဇင်ဘာ ၂၃

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ၂၀၀၆ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုချီးမြှင့်ခြင်းခံရသူများနှင့် ဆုရွေးချယ်စိစစ်ရေးကော်မတီဝင်များအား ယနေ့ညနေ ၆နာရီခွဲတွင် နေပြည်တော်ဟိုတယ်ဇုန်ရှိ ရွှေနန်းတော်ဟိုတယ်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

တက်ရောက်

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ တရားသူကြီးချုပ် ဦးအောင်တိုး၊ ရှေ့နေချုပ် ဦးအေးမောင်၊ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ စာပေပညာရှင်ကြီးများ၊ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီဝင်များ၊ အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုရွေးချယ်စိစစ်ရေးကော်မတီဝင်များ၊ ဆုချီးမြှင့်ခံရသူများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၄-၁၂-၂၀၀၇ (တနင်္လာနေ့)

၁၃၆၉ ခုနှစ်၊ နတ်တော်လပြည့်(ဥပုသ်နေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
- ၇း၁၅ ၂။ **တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ(ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပုသ်သတင်္ကို ပါဠိတော်**
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇း၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ တေးသံသာ
- ၈း၁၀ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၈း၂၅ ၇။ ဒွန်ဘန်တံတား
- ၈း၃၀ ၈။ International News.
- ၈း၄၅ ၉။ Grammar Made Easy.
- ၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄း၃၀ ၃။ Practice in Reading.
- ၄း၄၅ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – ဒုတိယနှစ်(သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
- ၅း၀၀ ၅။ အကပဒေသာ
- ၅း၁၀ ၆။ **"ချောင်းကမ်းဘေးကရွာကလေး" (နွဲ့နွဲ့စန်း၊ မြင့်မြင့်ခိုင်၊ ထင်ပေါ်၊ သဇင်) [ဒါရိုက်တာ–မြင့်စိုး (ဝ/သ ရန်ကုန်)]**
- ၅း၁၅ ၇။ မြန်မာစာ၊ မြန်မာစကား
- ၅း၃၀ ၈။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ အဆိုအကများ
- ၅း၄၅ ၉။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
- ၆း၀၀ ၁၀။ ညနေခင်းသတင်း
- ၆း၃၀ ၁၁။ မိုးလေဝသအခြေအနေ
- ၆း၃၅ ၁၂။ အလှရှာမယ်၊ လှကမ္ဘာဝယ်
- ၇း၀၀ ၁၃။ တောင်ပေါ်မြေပြန့် ရင်ခွင်မဲ့ပန်းတို့ ကွန်းခိုရာ "နန်းဦး" အေးရိပ်ဆာယာ
- ၇း၁၅ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မြူခိုးဝေဝေ ချစ်သက်တည်" (အပိုင်း–၈)**
- ၈း၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်စေတမန်" (အပိုင်း–၁၀)**
- ၁၉။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တ သာရာဘိဝံသ ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်**
- ၂၀။ နောက်တစ်နေ့ အစီအစဉ်
- ၂၁။ အစီအစဉ်ပြီး၏။

ဖြည့်စွက်ဖတ်ရှုပါရန်

ဒီဇင်ဘာ ၂၃ရက်ထုတ် သတင်းစာများတွင် ဖော်ပြပါရှိသည့် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၏သတင်း၌ ရှမ်းရိုးမ နဂါး ကုမ္ပဏီလီမိတက်က ကျောက်မီးသွေးများကို တစ်ရက်လျှင် တန် ၂၀၀၀ ကျ တူးဖော်လျက်ရှိကြောင်း ဖြည့်စွက်ဖတ်ရှုပါရန်။ (သတင်းစဉ်)

အလောင်းတော်ကဿပ ရဟန္တာအရှင်မြတ်အား ထမနဲဆွမ်းနှင့် ဆီမီး ၉၀၀၀ ကပ်လှူပူဇော်မည်

ရန်ကုန် ဒီဇင်ဘာ ၂၃

အလောင်းတော်ကဿပ ရဟန္တာအရှင်မြတ်ကြီးအား အကြိမ်(၄၀)မြောက် ထမနဲဆွမ်းနှင့် ဆီမီး ၉၀၀၀ ကပ်လှူပူဇော်ပွဲကို အလောင်းတော်ကဿပ ဝန်ဆောင်အဖွဲ့ နာယက ဆရာတော် ဦးသုမန ဦးဆောင်၍ တပို့တွဲလပြည့်နေ့ နံနက်ပိုင်းတွင် ကျင်းပမည်ဖြစ်ရာ လိုက်ပါလိုသူ အလှူရှင်များသည် ရန်ကုန်မြို့ ဝန်ဆောင်အဖွဲ့ အကျိုးတော်ဆောင် ဦးမောင်မောင်ဌေး ဖုန်း–၂၂၆၀၂၄သို့ ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က–ပ)

တွံတေးအရှင်ကုန္ဒက ဓမ္မပွဲစဉ်များ

ရန်ကုန် ဒီဇင်ဘာ ၂၃

ရန်ကုန်တိုင်း ဒဂုံမြို့သစ်(မြောက်ပိုင်း) ၅၁–ရပ်ကွက် မြဝတီမင်းကြီး (၁)လမ်း သိရီမင်္ဂလာမဟာစည်ရိပ်သာကျောင်းတိုက် ဆရာတော် တွံတေး အရှင်ကုန္ဒက (ဓမ္မကထိက ဗဟုဇနဟိတဓရ)သည် ဒီဇင်ဘာ ၂၄ရက် မွန်းလွဲ ၂နာရီတွင် သိရီမင်္ဂလာမဟာစည်ရိပ်သာ မြောက်ဒဂုံနှင့် ယင်းနေ့ည ၇နာရီတွင် အောင်ချမ်းသာမဟာစည် ဓမ္မသဘင် မြောက်ဒဂုံ၊ ၂၅ရက်တွင် ဝက်လက်မြို့ ရှင်ပြုအလှူတော်မင်္ဂလာ၊ ၂၆ရက်တွင် စိန်စည် မဟာစည်သာသနာ့ရိပ်သာ မြောက်ဒဂုံ၊ ၂၇ရက်တွင် အင်းစိန်ရွာမကျောင်းပူဇော်ပွဲ၊ ၂၈ရက်တွင် ပြည့်စုံအေး မဟာစည်ရိပ်သာ မြောက်ဥက္ကလာပ၊ ၂၉ရက်တွင် ခေမာသီ(၁)လမ်း သာသနာ့ ပါလဓမ္မာရုံ မြောက်ဥက္ကလာပ၊ ၃၀ရက်တွင် ဆည်းဆာပွဲ ညနေ ၆နာရီတွင် ဇေယျာမင်းကျောင်း သမိုင်းလမ်းဆုံနှင့် ယင်းည ၇နာရီခွဲတွင် ဗြဟ္မစိုရ်ဓမ္မာရုံ သောကြာဆွမ်းလောင်းအသင်း မြောက်ဥက္ကလာပ၊ ၃၁ရက်တွင် ရန်ကုန်တိုင်း ခရမ်းမြို့နယ်၊ ၂၀၀၈ခုနှစ် ဇန်နဝါရီ ၁ရက် မွန်းလွဲ ၂နာရီတွင် သိရီမင်္ဂလာမဟာစည် ရိပ်သာ မြောက်ဒဂုံနှင့် ယင်းည ၇နာရီတွင် မိဘကျေးဇူးဆပ် ထေရဝါဒ အထူး တရားပွဲ ဓမ္မသဘင် မြောက်ဥက္ကလာပ၊ ၂ရက်ည၌ သစ်ဆိပ်ကုန်းရပ်ကွက် မင်္ဂလာဒုံ၊ ၄ရက်ည၌ တောင်ဥက္ကလာပ ၁၃ရပ်ကွက်၊ ၅ရက်ည၌ ၄၆လမ်း ဗိုလ်တထောင်၊ ၆ရက်ည၌ ဇောတိကအိမ်ရာ ဆွမ်းအောင်ပွဲ ဓမ္မသဘင် သဃ်န်းကျွန်းမြို့နယ်တို့တွင် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားမည် ဖြစ်သည်။ (က–ပ)

မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်အသင်း ညီလာခံကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၂၃

(၂၈)ကြိမ်မြောက် မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်အသင်း ညီလာခံနှင့် (၉)ကြိမ်မြောက် FDI-MDA Joint Educational Meeting ကို ၂၀၀၈ ခုနှစ် ဇန်နဝါရီ ၂၃ရက်မှ ၂၆ရက်အထိ ရန်ကုန်မြို့ ကုန်သည်ကြီးများ ဟိုတယ်၌ ကျင်းပမည်ဖြစ်ပြီး ညီလာခံသို့ တက်ရောက်မည့် ဆရာဝန်များသည် ယင်းဟိုတယ်တွင် ဇန်နဝါရီ ၂၁ရက်မှ ၂၂ရက်အထိ နံနက် ၉နာရီမှ ညနေ ၃နာရီအတွင်း မှတ်ပုံတင်နိုင်ကြသည်။

ယင်းညီလာခံတွင် စာတမ်းများ ဖတ်ကြားခြင်း၊ သက်ကြီးပူဇော်ပွဲများ၊ အားကစားပြိုင်ပွဲများ၊ ဗဟိုအလုပ်အမှုဆောင်အသစ် ရွေးချယ်တင်မြှောက်ခြင်း များနှင့် ဆေးကုမ္ပဏီပြခန်းများ၊ ခင်းကျင်းပြသခြင်းများ ပြုလုပ်သွားမည် ဖြစ်ကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)

သံတွဲခရိုင်အသင်း မိတ်ဆုံစားပွဲကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၂၃

နှစ်စဉ်ကျင်းပမြဲဖြစ်သည့် သံတွဲခရိုင်အသင်း (ဂွ–တောင်ကုတ်–သံတွဲ) မိတ်ဆုံစားပွဲကို ဒီဇင်ဘာ ၃၀ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ ရွှေတိဂုံစေတီတော် တောင်ဘက်မုခ်အနီးရှိ ကန်တော် မင်္ဂလာပန်းခြံတွင် ကျင်းပမည်ဖြစ်သည်။

အသင်းသူ၊ အသင်းသားများနှင့် အသင်းမဝင်ရသေးသည့် ခရိုင်သူ၊ ခရိုင်သားများအားလုံး ကြွရောက်ပါရန်နှင့် မိတ်ဆုံစားပွဲသို့ ကြွရောက်လာသူများအား ရခိုင်မုန့်တီ၊ ဒေသထမင်းဟင်းလျာတို့ဖြင့် ဧည့်ခံကျွေးမွေးမည်ဖြစ်ကြောင်းသိရသည်။ (သတင်းစဉ်)



လူ့ယဉ်ကျေးမှုသမိုင်း အရှေ့တိုင်းကရသောအမွေ စာအုပ် အတွဲ(၃) ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဒီဇင်ဘာ ၂၃

စာရေးဆရာလှိုင်သင်း မြန်မာဘာသာပြန်ဆိုရေးသားပြုစုသည့် "လူ့ယဉ်ကျေးမှုသမိုင်း အရှေ့တိုင်းကရသောအမွေ" စာအုပ်အတွဲ(၃) **(ဝဲပုံ)**ကို ကံ့ကော်ဦးမွန် စာပေတိုက်က ယနေ့ ထုတ်ဝေဖြန့်ချိလိုက်သည်။

စာအုပ်အတွဲ (၃)တွင် တရုတ်နိုင်ငံနှင့် ဂျပန်နိုင်ငံတို့၏ ယဉ်ကျေးမှုသမိုင်း အမွေအနှစ်များကို မြန်မာမှုဆီလျော်အောင် ဘာသာပြန်ဆိုတင်ပြထားသည်။ လူ့ယဉ်ကျေးမှုသမိုင်း အရှေ့တိုင်းကရသောအမွေ အတွဲ(၁)ကို ၂၀၀၅ခုနှစ် ဒီဇင်ဘာလတွင်လည်းကောင်း၊ အတွဲ(၂)ကို ၂၀၀၆ခုနှစ် ဒီဇင်ဘာလတွင် လည်းကောင်း ထုတ်ဝေခဲ့ပြီး ယခု စာအုပ်အတွဲ(၃)ကို ပါရမီစာပေ အမှတ်(၁၃၀) ၂၉လမ်း ရန်ကုန်မြို့ ဖုန်း–၂၅၃၂၄၆က တစ်ပြည်လုံးသို့ဖြန့်ချိလိုက်သည်။ စာအုပ်တန်ဖိုးမှာ ငွေကျပ် ၈၀၀၀ဖြစ်သည်။

(သတင်းစဉ်)

စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူး ဆင့်ပွားသင်တန်း လားရှိုးမြို့၌ ဖွင့်လှစ်

ရန်ကုန် ဒီဇင်ဘာ ၂၃

စေတနာ့ဝန်ထမ်း မူးယစ် ကြီးကြပ်ရေးမှူးဆင့်ပွားသင်တန်းကိုရှမ်းပြည်နယ် (မြောက်ပိုင်း)လူမှုဝန်ထမ်း ဦးစီးဌာန၏ စီစဉ်မှုဖြင့် လားရှိုးမြို့လူမှုဝန်ထမ်းဦးစီးဌာန ပြန်လည်ထူထောင်ရေးစခန်းရုံးတွင် ဒီဇင်ဘာ ၂၃ရက် နံနက် ၉နာရီက ဖွင့်လှစ်သည်။

ရှေးဦးစွာ ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးသုတက အမှာ စကားပြောကြားသည်။ ယင်းသင်တန်းကို UNODC, 3DFမှပံ့ပိုးကူညီမှုဖြင့် မူးယစ်ဆေးစွဲရောဂါကု ဆေးရုံမှ ဆေးကုသမှုခံယူပြီးသူများအား နောက်ဆက်တွဲ စောင့်ရှောက်မှုခံယူရန်၊ ရပ်ရွာအခြေပြု ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်နှင့် မူးယစ်ဆေးဝါးသုံးစွဲသူများအကြား HIV/AIDS ကူးစက်ရောဂါအန္တရာယ် လျော့ချရေးလုပ်ငန်းများအား ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် ဖွင့်လှစ်ခြင်းဖြစ်သည်။ ထိုသင်တန်းတွင် စေတနာ့ဝန်ထမ်းမူးယစ်ကြီးကြပ်ရေးမှူးအသင်း ရန်ကုန်နှင့် မန္တလေးတို့မှ ဥက္ကဋ္ဌများဖြစ်သော ဦးစံရှိန်နှင့်ဦးကျော်မင်းတို့က သင်တန်းတာဝန်ခံအဖြစ် ဆောင်ရွက်ပြီးဘာသာရပ်အလိုက်ပြည်နယ်အဆင့် ဌာနဆိုင်ရာများနှင့် UNODC ရုံး တို့မှ တာဝန်ရှိသူများ၊ လားရှိုးမြို့ ပြန်လည်ထူထောင်ရေးစခန်း မန်နေဂျာ ဦးဇော်မင်းနှင့် စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူးအသင်းတို့မှ တာဝန်ရှိသူတို့က ဆွေးနွေးပို့ချသွားမည်ဖြစ်ကာ သင်တန်းကာလမှာ ၄ရက်ကြာမြင့်မည်ဖြစ်ပြီး သင်တန်းသား၊ သင်တန်းသူ ၃၀ တက်ရောက်ကြသည်။(လူမှုဝန်ထမ်း)

ပထမဆုံး ပြည်တွင်းဖြစ် ကုန်သွယ်ဂျက်လေယာဉ် တရုတ်နိုင်ငံ အောင်မြင်စွာ ထုတ်လုပ်

ပေကျင်း ဒီဇင်ဘာ ၂၂

တရုတ်နိုင်ငံ၏ ပြည်တွင်းဖြစ် အေအာရ်ဂျေ–၂၁ ကုန်သွယ်လေကြောင်းသုံး ဂျက်လေယာဉ် ထုတ်လုပ်မှု အောင်မြင်သည့် အခမ်းအနားကို ဒီဇင်ဘာ ၂၁ ရက်က ကျင်းပသည်။

ထုတ်လုပ်ပြသ

ထိုအောင်မြင်မှု အခမ်းအနားသည် တရုတ်နိုင်ငံ၏ လေကြောင်းဆိုင်ရာ စက်မှုလုပ်ငန်းတွင် ခြေလှမ်းသစ်ကို လှမ်းလိုက်ခြင်းပင်ဖြစ်သည်။ယင်းအခမ်းအနားကို ရှန်ဟိုင်းမြို့လေယာဉ်အလုပ်ရုံတွင် ကျင်းပခြင်းဖြစ်ပြီး ရုပ်မြင်သံကြားမှ တစ်နိုင်ငံလုံးသို့ ထုတ်လွှင့်ပြသခဲ့သည်။

တရုတ်နိုင်ငံ လေကြောင်းစက်မှုလုပ်ငန်း အမှတ်(အေဗီအိုင်စီ–၁)သည် ၈၅ယောက်စီး ဒေသတွင်းသုံး ဂျက်လေယာဉ်ကို ၂၀၀၉ခုနှစ်မှစ၍ အမြောက်အမြား ထုတ်လုပ်သွားမည်ဖြစ်သည်။

အေဗီအိုင်စီ–၁ လေယာဉ်လုပ်ငန်းမှ ထုတ်လုပ်သော အေအာရ်ဂျေ–၂၁ လေယာဉ်အနေဖြင့် ပြည်တွင်းလေယာဉ်ဈေးကွက်၏ ၆၀ ရာခိုင်နှုန်းကို လာမည့်အနှစ် ၂၀ အတွင်း ထိန်းချုပ်နိုင်လိမ့်မည်ဟု လုပ်ငန်းအထွေထွေမန်နေဂျာ လီဇူမင်က ပြောကြားသည်။

အေဗီအိုင်စီ–၁ လေယာဉ်လုပ်ငန်းသည် ဂျက်လေယာဉ် အငယ်စားများ ရောင်းချသော ဈေးကွက်တွင် အခြားသောကုမ္ပဏီများဖြင့် အပြိုင်ရောင်းချရမည်ဖြစ်သည်။ ပြိုင်ဆိုင်ရမည့် ကုမ္ပဏီများမှာ ကနေဒါနိုင်ငံမှ ဘွန်ဘာဒီယာ လေယာဉ်ကုမ္ပဏီ၊ ဘရာဇီးနိုင်ငံမှ အမ်ဘရာအက်စ်အေကုမ္ပဏီ စသည်တို့ဖြစ်သည်။

တရုတ်နိုင်ငံ၏ အလယ်အလတ်တန်းစား ဂျက်လေယာဉ် လိုအပ်ချက်သည် လာမည့်အနှစ် ၂၀ အတွင်း လေယာဉ် အစင်း ၉၀၀ခန့် ရှိလိမ့်မည်ဟု ခန့်မှန်းထားသည်။ နိုင်ငံ၏ စီးပွားရေး တိုးတက်ဖွံ့ဖြိုးလာသည်နှင့်အမျှ လေကြောင်းသွားလာမှုလည်း ပိုမိုများပြားလာမည်ဖြစ်ကြောင်း ခန့်မှန်းတွက်ချက်ထားသည်။ ***အင်တာနက်။***

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့ရှိ လေယာဉ်ထုတ်လုပ်ရေး စက်ရုံမှ ထုတ်လုပ်သော ပြည်တွင်းဖြစ် ခရီးသည်တင် အေအာရ်ဂျေ–၂၁လေယာဉ် ဖွင့်ပွဲကို ဒီဇင်ဘာ ၂၁ရက်က ကျင်းပစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ဖိလစ်ပိုင်တောင်ပိုင်း၌ အမေရိကန်ရဟတ်ယာဉ် ပစ်ခတ်ခံရ

မနီလာ ဒီဇင်ဘာ ၂၂

အမေရိကန် တပ်ဖွဲ့ရဟတ်ယာဉ်တစ်စင်း ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်းသို့ ပျံသန်းသွားစဉ် ပစ်ခတ်ခံရသဖြင့် လေယာဉ်ပျက်စီးသွားကြောင်း ဖိလစ်ပိုင်မြို့တော်ဝန်၏ ပြောကြားချက်ကို ဒေသဆိုင်ရာ သတင်းဌာနက ဒီဇင်ဘာ ၁၈ရက်တွင် ဖော်ပြသည်။

ရဟတ်ယာဉ်ပျက်ကျသည့်သတင်းကို လက်ခံရရှိကြောင်း၊ လမ်းပြင်ဆင်မည့်စီမံကိန်းအတွက် လက်မှတ်ရေးထိုးရန် ဖိလစ်ပိုင်နိုင်ငံသို့ လာရောက်သည့် အမေရိကန်တပ်ဖွဲ့များလိုက်ပါလာသည့် ရဟတ်ယာဉ်ဟုယူဆရကြောင်း၊ ပြည်သူများ၏ပြောကြားချက်အရ ဒီဇင်ဘာ ၁၇ရက်နံနက် ၇နာရီတွင် ရဟတ်ယာဉ်မှာ မီးလောင်ကျွမ်းပျက်စီးသွားခြင်းဖြစ်ကြောင်း ယူကာဖာပူတန် မြို့တော်ဝန် ဂျိုလ်မာဖူ ရန်၏ ပြောကြားသည်ကို ဖိလစ်ပိုင်ထောက်လှမ်းရေး သတင်းအွန်လိုင်း၌ ဖော်ပြထားသည်။

ထိုသတင်းနှင့် ပတ်သက်၍ ဒီဇင်ဘာ ၁၈ရက် နံနက်ပိုင်းအထိ သတင်းထုတ်ပြန်ခြင်းမရှိကြောင်း သိရသည်။ အမေရိကန်ရဟတ်ယာဉ်အား မည်သည့်နေရာမှ ပစ်ခတ်လိုက်သည်ကို ယခုတိုင် မသိရှိရသေးကြောင်း သတင်း၌ ဖော်ပြထားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

နယူးဇီလန်တွင် အင်အားပြင်းငလျင်လှုပ်

ဝယ်လင်တန် ဒီဇင်ဘာ ၂၂

နယူးဇီလန်နိုင်ငံ ပင်လယ်ကမ်းခြေအရှေ့ဘက်တွင် ဒီဇင်ဘာ ၂၀ ရက်ည ၈နာရီ ၅၅မိနစ်က ရစ်ချ်တာစကေး ၆ ဒသမ ၈ အဆင့်ရှိ အင်အားပြင်းငလျင်လှုပ်ရှားသွားမှုကြောင့် လျှပ်စစ်မီးများပြတ်တောက်ပြီးအနည်းငယ်ပျက်စီးခဲ့သည်။ သို့သော် သေကျေဒဏ်ရာရရှိမှု အခြေအနေကို မသိရသေးချေ။

အဆိုပါ ငလျင်သည် နိုင်ငံမြောက်ဘက်ကျွန်းရှိ ဂစ္စဘွန်းမြို့တောင်ဘက် ကီလိုမီတာ ၅၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြု၍ လှုပ်သွားခဲ့ကြောင်း သိရသည်။

အမ်အင်အေ၊ရိုက်တာ။

နယူးဇီလန်နိုင်ငံ ဂစ္စဘွန်းမြို့တွင် လှုပ်သွားသော ငလျင်ကြောင့် စာကြည့်တိုက်တစ်ခုအတွင်း စာအုပ်များ ဖရိုဖရဲပြန့်ကြဲနေသည်ကို ဒီဇင်ဘာ ၂၁ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အိန္ဒိယကျားများ နေထိုင်ကျက်စားရာ တောများပျက်စီး ကုန်းမြင့်အရပ်များသို့ ပြောင်းရွှေ့ရန်ဖြစ်လာ

ကိုလ်ကတ္တား(အိန္ဒိယ) ဒီဇင်ဘာ ၂၂

အိန္ဒိယကျားများသည် နေထိုင်ကျက်စားရာ တောမြေပျက်စီးလာသဖြင့် နေရာအသစ်သို့ ပြောင်းရွှေ့ရန် အနေအထားဖြစ်လာကြောင်း၊ မြင့်မားသည့် တောင်တန်းရပ် အပါအဝင် နေရာသစ်တွင် ကျားများ၏ အခြေစိုက်နေရာ ဖြစ်လာမည် ဖြစ်ကြောင်း၊ သို့သော် ယင်းအရပ်သည် ကျားများ၏ သဘာဝနေထိုင်ရာပုံစံနှင့် အံဝင်ခွင်ကျဖြစ်လာနိုင်ဖွယ်မရှိကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

တောင်ခြေရှိ သစ်တောများတွင် ကျားများမွေးမြူရေးအတွက် ထိန်းသိမ်းထားကြောင်း၊ အိန္ဒိယနိုင်ငံအရှေ့မြောက်မှ အနောက်ပိုင်းတို့ရှိ ကုန်းမြင့်မားရာ အရပ်ဒေသ၌ ကျားများကို ထားရှိမည်ဖြစ်ကြောင်း တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေး ကျွမ်းကျင်ပညာရှင်များက ပြောကြားသည်။

ပတ်ဝန်းကျင်အသစ်ကို ပြောင်းရွှေ့ခံရသည့်ကျားများသည် ယခုထိတိုင် နေရာဒေသအသစ်နှင့် အံဝင်ခွင်ကျခြင်း မရှိချေ။

တိုက်တွန်း

အိန္ဒိယနိုင်ငံ၌ ကျားများနှင့်ခြင်္သေ့များ၏ အရေအတွက်မှာ တဖြည်းဖြည်း လျော့ပါးလာသည့်အတွက် သက်ဆိုင်ရာ အာဏာပိုင်များကို ကျားများဘေးအန္တရာယ် ကင်းရှင်းစွာ နေထိုင်နိုင်ရန် စည်းကမ်းသစ်များ ထုတ်ပြန်ရန် တိုက်တွန်းထားသည်။

ပျက်စီးလာ

အိန္ဒိယနိုင်ငံတစ်ဝန်းတွင် တိရစ္ဆာန်များ လျော့ပါးလာရသည့် အဓိကအကြောင်းရင်းမှာ လူများ၏ နှောင့်ယှက်မှု၊ ကျူးကျော်မှု၊ တိရစ္ဆာန်များနေထိုင်ကျက်စားသည့်အရပ် ပျက်စီးလာခြင်း စသည်တို့ကြောင့်ဖြစ်သည်ဟုကျွမ်းကျင်ပညာရှင်များက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ထိုင်းနိုင်ငံ တိရစ္ဆာန်ရုံအတွင်း ကလေးများကို ဖျော်ဖြေနေသော ဆင်လိမ္မာတစ်ကောင်ကို ဒီဇင်ဘာ ၂၁ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)



ဘဂ္ဂဒက်အရှေ့မြောက်ပိုင်းဒေသတွင် ဗုံးပေါက်ကွဲ၊ ၁၃ ဦးသေဆုံး

ဘဂ္ဂဒက် ဒီဇင်ဘာ ၂၂

ဗုံးဖောက်ခွဲသူတစ်ဦးက အီရတ်နိုင်ငံ ဒိုင်ယာလာပြည်နယ်ရှိ အယ်လ်ခိုင်ဒါ စစ်သွေးကြွအုပ်စု ဆန့်ကျင်ရေးစခန်းတွင် ကြာသပတေးနေ့က ဗုံးဖောက်ခွဲသဖြင့် ၁၃ ဦးသေဆုံးပြီး အခြားရှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ပြောကြားသည်။

ဗုံးဖောက်ခွဲ

ဗုံးဖောက်ခွဲသူတစ်ဦးက ဖောက်ခွဲရေးပစ္စည်းများ တပ်ဆင်ထားသည့် ခါးပတ် ဝတ်ဆင်ပြီး ဘာကူဘာမြို့တောင်ပိုင်း ကီလိုမီတာ ၂၀ ခန့်အကွာရှိ ကာနန်မြို့မှ နိုကြာရေးကောင်စီစခန်းတွင် ဗုံးဖောက်ခွဲခဲ့သည်ဟု ဖော်ပြပါဌာနက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ယင်းသို့ ဗုံးဖောက်ခွဲမှုကြောင့် စော်ဘွား အယ်လ်–မန်လာဝီနှင့် လူမျိုးစုခေါင်းဆောင်တစ်ဦးအပါအဝင် နိုကြာရေးကောင်စီဝင် ၁၃ ဦး သေဆုံးခဲ့ပြီး အခြားလူ ရှစ်ဦးဒဏ်ရာရရှိခဲ့သည်ဟု ဆိုသည်။

ရောက်ရှိ

ယင်းအချိန်တွင် အမေရိကန်တပ်ဖွဲ့ဝင်များလည်း အခင်းဖြစ်ပွားရာသို့ ရောက်ရှိနေသည်။ သို့ရာတွင် အမေရိကန်တပ်ဖွဲ့ဝင်များ သေဆုံးမှုရှိ၊ မရှိ ထုတ်ဖော်ကြေညာခြင်း မရှိပေ။

ယင်းဖြစ်ရပ်နှင့် ပတ်သက်၍ အမေရိကန် စစ်ဘက်က ဝေဖန်ပြောကြားမှု မရှိသေးကြောင်း သိရသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ကြေးမုံ The Mirror နိုင်ငံတကာ သတင်းများ

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်

(က) နိုင်ငံတော်၏လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲ လက်တွဲပူးပေါင်း ကာကွယ်စောင့်ရှောက်ရေး။

(ခ) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုပေါင်းထိန်းသိမ်းကာကွယ်ရေး။

(ဂ) အောင်မြင်စွာ ကျင်းပပြီးစီးခဲ့သည့် အမျိုးသားညီလာခံကချမှတ်ခဲ့သော အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့် မူများနှင့်အညီ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးတို့အတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်ရေး။

(င) နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်၊ စွန့်လွှတ်စွန့်စားသည့်စိတ်ဓာတ် အပြည့်အဝဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

နေပြည်တော် မြို့တော်ခန်းမ ဓာတ်ပုံ-ဦးကိုကိုနိုင်(IPRD)

အသည်းကောင်းလို့ ပွဲတောင်းသူများ (၁) မြန်မာ့ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲ ထိုးသတ်

သတင်းနှင့်ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)

ရန်ကုန် ဒီဇင်ဘာ ၂၃

အားကစားဝန်ကြီးဌာန၊ မြန်မာနိုင်ငံ ရိုးရာအားကစားအဖွဲ့ချုပ်တို့မှ ကြီးမှူး၍ Myanmar Distribution Group Co., Ltd. (Calsome ကွေကာ)၏ ပံ့ပိုးကူညီမှုဖြင့် ကျင်းပသော "အသည်းကောင်းလို့ ပွဲတောင်းသူများ ပွဲစဉ် (၁)" မြန်မာ့ရိုးရာ လက်ဝှေ့ချန်ပီယံစိန်ခေါ်ပွဲကို ယနေ့မွန်းလွဲ ၂နာရီက အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏတွင် ကျင်းပသည်။

ပထမပွဲစဉ်အဖြစ် သိုးထိန်း (မြန်မာပြည်သား)နှင့် စိုးလင်းဦး (မျိုးဇာနည်)တို့ ယှဉ်ပြိုင်ထိုးသတ်ရာ လေးချီပြည့်သည်အထိ အရှုံးအနိုင်မပေါ်ဘဲ သရေပွဲဖြစ်သွားသည်။ ပြည်နယ်နှင့်တိုင်း ရွှေတံဆိပ်ဆုရှင် ဒေါင်းသည်းချေ (တောင်ကလေး) နှင့် ကြယ်လေး (မြန်မာပြည်သား) တို့ပွဲတွင်လည်း သရေဖြင့်သာ အဆုံးသတ်ခဲ့သည်။ ဒေါင်းသည်းချေမှာ လက်ရည်အသာဖြင့် ထိုးနိုင်ခဲ့သော်လည်း ပွဲသိမ်းနိုင်ခြင်းမရှိသလို ကြယ်လေး၏ လက်သီးချက်မှာလည်း ပွဲသိမ်းအောင် မစွမ်းဆောင်နိုင်ခဲ့ပေ။

သိန်းဈာန် (ရက္ခဗျာလ)နှင့် ဖိုးလုံး (မြန်မာပြည်သား)တို့ပွဲတွင်မူ နှစ်ဦးစလုံး ပွဲစကတည်းက ဖွင့်ထိုးပြီး တစ်ဦးနှင့်တစ်ဦး အတင်းလိုက်ဖိထိုးသည်။ ဖိုးလုံးရော သိန်းဈာန်ပါ ခုန်ကန်၊ ခုန်တွေ့ပြီး သူတစ်ပြန်၊ ကိုယ်တစ်လှည့် ထိုးသတ်ကြရာ ပရိသတ်အကြိုက်တွေ့ခဲ့ရသည်။ ပရိသတ်၏အားပေးမှုကြောင့် ယင်းလက်ဝှေ့ကျော်နှစ်ဦး အားတက်လာပြီး ဘတစ်ပြန်ကျားတစ်ပြန် ရင်ဆိုင်ကြသော်လည်း အရှုံးအနိုင်ပေါ်အောင် ယှဉ်ပြိုင်နိုင်ခဲ့ခြင်းမရှိချေ။

(၅)ချီ စိန်ခေါ်ပွဲ ပထမပွဲစဉ်အဖြစ် မိုးသီး (မြန်မာပြည်သား) နှင့် ခိုင်လင်း (တောင်ကလေး)တို့ ယှဉ်ပြိုင်ကစားကြသည်။ ခိုင်လင်း၏ အကန်၊ အထိုးများကို မိုးသီး မရှောင်ရှားနိုင်၍ မကြာခဏကြမ်းပြင်နှင့် ထိတွေ့နေရသည်။ ဝါရင့်လက်ဝှေ့ကျော် မိုးသီးမှာ ယခုပွဲတွင် ကောင်းစွာယှဉ်ပြိုင်ထိုးသတ်နိုင်ခြင်းမရှိခဲ့ပေ။ တတိယအချီ ၂ မိနစ် ၂၂ စက္ကန့်တွင် ခိုင်လင်းလက်သီး မိုးသီး၏မေးရိုးကို ခွပ်ခနဲမြည်အောင် ထိသွားပြီး မိုးသီးအနားတောင်းရသည်အထိ ဖြစ်ခဲ့ရသည်။ ခိုင်လင်း လက်ရည်အသာဖြင့် ထိုးသတ်နိုင်သော်လည်း မိုးသီးက သမ္မာရှိသူပီပီ ထိန်းကစားသွားနိုင်၍ သရေဖြင့် အဆုံးသတ်ခဲ့ရသည်။ မြနန်းတော် (မြန်မာပြည်သား)နှင့် တိုက်ဂါးဟိန်း (ရွှေလက်ရာ) တို့ပွဲတွင် မြနန်းတော်က ပွဲစကတည်းက အတင်းလိုက်ဖိထားရာ ပထမအချီ ၁၆ စက္ကန့်တွင် တိုက်ဂါးဟိန်း ပင့်ဒူးအတိုက်ခံရပြီး အနားတောင်းလိုက်ရသည်။ အနားတောင်းချိန်ပြည့်သော်လည်း တိုက်ဂါးဟိန်းမှာ ဆက်လက်မယှဉ်ပြိုင်နိုင်၍ မြနန်းတော်အနိုင်ရရှိသွားသည်။

ဖိုးကေ (မန္တလေး)နှင့် ရှမ်းသွေးလေး (သူရဲကောင်း)တို့ပွဲတွင် ပထမအချီ ၄၈စက္ကန့်၌ ဖိုးကေက အလဲထိုးဖြင့် အနိုင်ရရှိသွားသည်။ ပြည်နယ်နှင့်တိုင်း ရွှေတံဆိပ်ဆုရှင်များဖြစ်ပြီး တက်သစ်စ လက်ဝှေ့ကျော်နှစ်ဦးတွေ့ဆုံသောပွဲဖြစ်၍ အကြိတ်အနယ်ရှိမည်ဟုထင်ရသော်လည်း ဖိုးကေကလက်ရည်အသာဖြင့် ထိုးသတ်သွားခဲ့သည်။ ၃၃ စက္ကန့်တွင် ဖိုးကေက ခြေသုံးချက်ဆင့်ကန်ပြီး လက်သီးတစ်လုံးပစ်သွင်းလိုက်ရာ ရှမ်းသွေးလေး အနားတောင်းယူရသည်အထိ ဖြစ်ခဲ့ရသည်။ ပွဲပြန်စပြီး မကြာမီမှာပင် ဖိုးကေက ရှမ်းသွေးလေးကို အလဲထိုးဖြင့် ပွဲသိမ်းလိုက်ခြင်းဖြစ်သည်။

စောဖွဲ့လေး (K.L.N)နှင့် သတ္တိအောင် (တောင်ကလေး)တို့ပွဲတွင်လည်း အရှုံးအနိုင်မပေါ်ဘဲ သရေကျသွားပြန်သည်။ နှစ်ဦးစလုံး အမှားစောင့်ပြီး ထိုးနေကြ၍ အကြိတ်အနယ်သိပ်မဖြစ်ခဲ့ပေ။ စောဖွဲ့လေးရော သတ္တိအောင်ပါ အကဲစမ်းနေကြ၍ ဒိုင်လူကြီးက ထိုးခိုင်းရသည်အထိ ဖြစ်ခဲ့ရသည်။ ဂျပန်ပြန် စောဖွဲ့လေးက ရံဖန်ရံခါမှ ပညာစုံသုံး၍ထိုးရာ သတ္တိအောင် အထိနာခဲ့ရသည်။

ယနေ့စိန်ခေါ်ပွဲ၏ အဓိကပွဲစဉ်ဖြစ်သည့် လုံးချော (ညောင်တုန်း)နှင့် ကြယ်လင်းအောင် (တောင်ကလေး)တို့ပွဲမှာမူ အနိုင်၊ အရှုံးမပေါ်သော်လည်း ရေကုန်ရေခန်း ဘတစ်ပြန်ကျားတစ်ပြန် ယှဉ်ပြိုင်ထိုးသတ်သွား၍ ပရိသတ်များ စိတ်ကျေနပ်ခဲ့ရသည်။ ပွဲစလျှင်စချင်း လုံးချောကခြေထောက်ဖြင့် စဝင်သည်။ ကြယ်လင်းအောင် လက်သီးဖြင့်ပြန်ထိုးသည်။ လုံးချောက ဒူးနှစ်ချက်ဆင့်တိုက်သလို ကြယ်လင်းအောင်ကလည်း အတင်းလိုက်ဖိထိုးသည်။ ပွဲမှာ တဖြည်းဖြည်းပို၍ အကြိတ်အနယ်ရှိလာသဖြင့် ပရိသတ်များထိုင်လျက်ပင် မကြည့်နိုင်ဘဲ မတ်တပ်ရပ်ပြီး အားပေးကာ လက်ခုပ်သံများဆူညံလာသည်။ လုံးချောမှာ ကြယ်လင်းအောင်၏ အလစ်အငိုက်ကိုစောင့်ပြီး ချက်ကောင်းရအောင် စောင့်ထိုးရာ ကြယ်လင်းအောင် အထိနာလာသည်။ ကြယ်လင်းအောင်ကလည်း ငယ်ဂုဏ်ရှိသူပီပီ အတင်းလိုက်ထိုးရာ လုံးချော ရှောင်ထိုးခဲ့ရသည်။ ဒုတိယအချီတွင် နှစ်ဦးစလုံးဒူး၊ ခြေ၊ လက် ပညာစုံသုံး၍ ပရိသတ် အကြိုက်ထိုးသတ်ကြရာ လုံးချောရော ကြယ်လင်းအောင်ပါ အထိနာခဲ့ကြသည်။

တတိယအချီတွင်မူ ကြယ်လင်းအောင်၏ ထိုးချက်က လုံးချောကို တစ်ချက်ထိတိုင်း လုံးချောက (၄၊ ၅)ချက် ထိထိမိမိပြန်လိုက်ထိုးရာ ကြယ်လင်းအောင် ညာဘက်မျက်လုံးပိတ်သွားသည်။ လုံးချော၏ ထိုးချက်များကြောင့် မူးပြီး ယိုင်လာသည့် ကြယ်လင်းအောင်ကို လုံးချောက ဆက်တိုက်ဖိထိုးလျှင် ပွဲသိမ်းနိုင်သော်လည်း တစ်ချက်ကောင်းဆက်ထိုးနေ၍ စတုတ္ထအချီကို ဆက်လက်ယှဉ်ပြိုင်ခဲ့ရသည်။ စတုတ္ထအချီတွင်မူ လုံးချောက ပုံမှန်အတိုင်း အမှားစောင့်ထိုးနေပြီး ကြယ်လင်းအောင်မှာ လက်သီးမထွက်သလောက်ဖြစ်နေ၍ ပူးပြီးချုပ်သိုင်းဖို့သာကြိုးစားခဲ့သည်။ ပဉ္စမအချီ (နောက်ဆုံးအချီ)တွင်မူ ကြယ်လင်းအောင် အားပြန်တက်လာပြီး လုံးချောကို ပြန်ထိုးလာ၍ ပွဲမှာ သူတင်ကိုယ်တင်ရှိလာသည်။ သို့သော် အချီပြည့်သည်အထိ အရှုံးအနိုင်ပေါ်အောင် မထိုးနိုင်၍ သရေဖြင့်သာ အဆုံးသတ်ခဲ့ရသည်။ လုံးချောနှင့် ကြယ်လင်းအောင်တို့သည် နိုဝင်ဘာ ၈ ရက်က လိပ်သိုမြို့တွင် ရင်ဆိုင်ထိုးသတ်ခဲ့ဖူးပြီး ထိုစဉ်ကလည်း သရေပွဲဖြစ်ခဲ့ရသည်။

ယနေ့ ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ ရှစ်ပွဲကျင်းပရာ ခြောက်ပွဲသရေကျခဲ့ပြီး အရှုံးအနိုင် နှစ်ပွဲသာအဖြေပေါ်ခဲ့ရသည်။ မြန်မာ့ရိုးရာလက်ဝှေ့ကို ချစ်မြတ်နိုးသော၊ စိတ်ဝင်စားသော လက်ဝှေ့ပရိသတ်ကြီးကို လာမည့် ၂၀၀၈ခုနှစ် ဇန်နဝါရီ ၄ရက်တွင် "ကယ်လ်ဆမ် မျှော်စင်ကျွန်းမှစိန်ခေါ်သံ" ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီးက ထပ်မံစောင့်ကြိုလျက်ရှိနေပါသည်။ (ကြေးမုံ)

ဒူးပျံ ထိမှန်

လုံးချော (ညောင်တုန်း)၏ ဘယ်ဒူးပျံက ကြယ်လင်းအောင် (တောင်ကလေး)ကို ထိမှန်သွားစဉ်။

ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)

အားပေး ကြည့်ရှု

'အသည်းကောင်းလို့ ပွဲတောင်းသူများ ပွဲစဉ် (၁)' မြန်မာ့ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲတွင် ရိုးရာလက်ဝှေ့ ပရိသတ်များ အားပေးကြည့်ရှုကြစဉ်။

ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ (၃)၊ အမှတ်(၄၉) ဖြန့်ချိ

ရန်ကုန် ဒီဇင်ဘာ ၂၃

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ (၃)၊ အမှတ်(၄၉)တွင် ရန်ကုန်မြို့တွင်း စားသောက်ဆိုင်ဖွင့်ခွင့် လာမည့်နှစ်မှစ၍ ကန့်သတ်သွားမည်၊ နေပြည်တော်တွင် ရုံးစိုက်မည့် အင်န်ဂျီအိုများကို လိုအပ်ချက်ဖြည့်ဆည်းပေးမည်၊ မိုဒယ်အသစ် ကားအမျိုးအစားသုံးမျိုး မကြာမီ စီးရေနှစ်ရာခန့်တင်သွင်းမည်၊ ပျားတစ်အုံမွေးက တစ်နှစ် ငွေကျပ် ငါးသောင်းအမြတ်ရနိုင်၊ လျှပ်စစ်ပစ္စည်းများ ချွတ်ယွင်းမှုကြောင့် မီးလောင်ကျွမ်းမှုများ ပိုမိုဖြစ်ပွားလာ၊ ဆန်ဈေးနှုန်း အနည်းငယ် အပြောင်းအလဲရှိလာ၊ အပူဒဏ်ကာကွယ်ရန် သုံးသောပစ္စည်းများတွင် အဆုတ်ကင်ဆာဖြစ်စေသည့်ဓာတ်သတ္တု ပါဝင်နေ စသည့် ပြည်တွင်းရေးရာ သတင်းများနှင့်အတူ "အသက်ကိုစစ်မနေနဲ့"၊ "ထိမ်းမြားလက်ထပ်ခြင်းဟု ဆိုရာတွင်" ကဲ့သို့သော မျက်မှောက်သုံးသပ်ဆောင်းပါးများ ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာသည်။

"Boxing Day နဲ့ ပရီမီယာတစ်ခန်းရပ်" အားကစားဆောင်းပါးနှင့်အတူ ဆိုင်မှ အလစ်သုတ်မှုများ ၆၅ နှစ်ကျော် ဂျပန်လူမျိုးတို့ ပိုကျူးလွန်၊ ဟောင်ကောင်သားများက ယင်းတို့၏ လမ်းဘေးလက်ဖက်ရည်ဆိုင်များကို ယဉ်ကျေးမှုအမွေအနှစ် တစ်စိတ်တစ်ဒေသအဖြစ် စာရင်းသွင်းပေးစေလို၊ မြောက်ကိုရီးယားက ဘုရှ်ကို မေတ္တာရပ်ခံ၊ ချားလ်စ်မင်းသား၏ ဝမ်းဘဲများ အခိုးခံရ၊ ပါကစ္စတန်တွင် ပထမဆုံး ကြက်ငှက်တုပ်ကွေးရောဂါဖြစ်မှု ကမ္ဘာ့ကျန်းမာရေးအဖွဲ့က စုံစမ်းစစ်ဆေးမည်၊ ပထမဆုံး ပါလက်စတိုင်းရဲမေများ အလုပ်စဝင် စသည့် နိုင်ငံတကာသတင်းများ၊ စီးပွားရေး၊ ကျန်းမာရေး၊ ဖျော်ဖြေရေးကဏ္ဍ စုံလင်စွာဖြင့် e-Empire Media House က မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။

(သတင်းစဉ်)

မင်္ဂလာရှိသောအာစရိယပူဇော်ပွဲများ

ဦးလှကျော် (အငြိမ်းစားကျောင်းအုပ်ဆရာကြီး)

မင်္ဂလာ(၃၈)ပါးတွင် တစ်ပါးအပါအဝင်ဖြစ်သော **"ပူဇာစပူဇနေယျာနံ၊ ဧတံမင်္ဂလမုတ္တမံ"** ပူဇော်ထိုက်သူကို ပူဇော်ခြင်းသည် မင်္ဂလာတစ်ပါးဖြစ်သည်။ တစ်နည်းဆိုရသော် အနန္တော၊ အနန္တ ငါးပါးတွင် တစ်ပါး အပါအဝင်ဖြစ်သော မြတ်ဆရာများကို ပူဇော်ခြင်းသည်လည်း မွန်မြတ်သော မင်္ဂလာဖြစ်ပါသည်။

မြတ်ဆရာဟူသည် မိမိတပည့်များအား အတတ်ပညာသင်ပေးရုံသာမက တပည့်များ၏ ဘဝအလှဆင်နိုင်ရန်ကိုပါ ဆုံးမလမ်းညွှန်သူ၊ လမ်းပြသူ ဖြစ်ပါသည်။ လူ့ဘဝကို အဆင်ပြေချောမွေ့အောင် ရင်ဆိုင်ရန်အတွက် ဘဝလမ်းညွှန်၊ အဆုံးအမများတည်းဟူသော လက်နက်များကိုပါ တပ်ဆင်ပေးလိုက်ခြင်းပင်ဖြစ်ပါသည်။

ဤကား မြတ်ဆရာတို့၏ ရင်တွင်းမှ နာသုံးနာဖြင့် ပေးအပ်သော မွန်မြတ်သည့် မေတ္တာ၊ စေတနာများပင်ဖြစ်ပါသည်။ အမှန်ဆိုရသော် မြတ်ဆရာတို့၏ ကျေးဇူးကား မြင်းမိုရ်တောင်မက ကြီးမားလှပေသည်။ မိုးကြယ်တစ်မျှ များပြားလှပေ၏။

မြတ်ဆရာတို့၏ ကျေးဇူးကိုသိသည့်၊ ဆပ်သည့်အနေဖြင့် နှစ်စဉ် အာစရိယပူဇော်ပွဲများ ကျင်းပကြသည်မှာ တစ်နိုင်ငံလုံး အုန်းအုန်းကျွက်ကျွက် တစ်ခဲနက်ဖြစ်ပါသည်။နေ့စဉ်သတင်းစာများထဲတွင် အနယ်နယ်အရပ်ရပ်မှ အာစရိယပူဇော်ပွဲကျင်းပမည့် ကြော်ငြာများကို ဖတ်ရသည်မှာ ဝမ်းမြောက်ဖွယ် ဖြစ်ပါသည်။ သတင်းစာထဲထည့်၍ အသိပေးရုံမက သက်ဆိုင်ရာ ဆရာ၊ ဆရာမများထံ ဖိတ်စာများကို စာတိုက်မှ ပေးပို့ကြပါသေးသည်။

ထိုပူဇော်ပွဲမတိုင်မီ ဦးဆောင်ဦးရွက်ပြုကြမည့် တပည့်ဟောင်းများနှင့် မျိုးဆက်သစ်ကျောင်းသားများသည် အလှူငွေကောက်ခံခြင်းနှင့် အခမ်းအနားအတွက် ကြိုတင်ပြင်ဆင်ခြင်းတို့အတွက် အမောတကော ဆောင်ရွက်ကြရသည်။ သို့သော် ကျောင်းသူ၊ ကျောင်းသားများမှာ မမောမပန်း လာရောက် ကူညီကြပါသည်။ အလှူငွေထည့်ဝင်ရာတွင်လည်း စီးပွားရေးကောင်းမွန်သူများက သိန်းနှင့်ချီ၍ ထည့်ဝင်ကြပါသည်။ အချို့ကျောင်းများကမူ အာစရိယပူဇော်ပွဲ ရန်ပုံငွေရရန်အတွက် ဘဏ်တိုက်တွင် ငွေပဒေသာပင် စိုက်ထားခြင်းဖြင့် အတိုးအညွန့်ရရန် ရည်ရွယ်ခြင်းဖြစ်ပါသည်။ တစ်နှစ်ထက် တစ်နှစ် ပူဇော်ငွေကို တိုး၍ ကန်တော့နိုင်ရန် စေတနာထားကြပါသည်။

အာစရိယပူဇော်ပွဲမစမီ ကွယ်လွန်သွားကြသော ဆရာ၊ ဆရာမများနှင့် ကျောင်းသူ၊ ကျောင်းသားများအား ရည်စူး၍အရဏ်ဆွမ်းကပ်ကာ အမျှပေးဝေကြပါသည်။

အခမ်းအနားကျင်းပသည့်နေ့တွင် တက်ရောက်လာကြသော ဆရာ၊ ဆရာမတို့အား လှိုက်လှဲပျူငှာစွာကြိုဆိုကြပါသည်။ မကျန်းမာသည့် ဆရာ၊ ဆရာမများအား အခမ်းအနားတက်ရောက်ရန် သွားရောက်ကြိုဆိုကြပါသည်။ ဆရာ၊ ဆရာမတို့၏ ရင်ဝယ် အတိုင်းမသိပီတိဖြစ်ရပါသည်။ အခမ်းအနားမစမီ စားဖွယ်စုံဖြင့် လိုလေသေးမရှိညှော့ခံကျွေးမွေးကြပါသည်။ တပည့်များကလည်း ဆရာ၊ဆရာမများအား ကျွေးမွေးပြုစုရသည်ကိုကြည့်ရင်း အားရကျေနပ်ခြင်း၊ ဝမ်းသာကြည်နူးခြင်းများဖြင့် ၎င်းတို့ ရင်ဝယ်ခံစားရသည်မှာ တစ်သက်မေ့၍ မရနိုင်ပေ။

အခမ်းအနားတွင် ဆရာ၊ ဆရာမများသည် လုပ်ဖော်ကိုင်ဖက်များနှင့် တွေ့ရသည်မှာ ဝမ်းမြောက်ဝမ်းသာစရာပင်။ ၎င်းတို့အချင်းချင်း ရှေးဟောင်းနှောင်းဖြစ်များပြောဆိုနေကြသည်မှာ သောသောညံလျက်ရှိပါသည်။ တပည့်ဟောင်းများနှင့် စကားလက်ဆုံကျရသည်မှာလည်း အသက် အနှစ်နှစ်ဆယ် လောက်ပြန်ငယ်သွားသည်ဟု ထင်မှတ်ရပါသည်။ လွန်ခဲ့သောနှစ်များက ပုံရိပ်များပေါ်လာကာ တစိမ့်စိမ့်ကြည်နူးရပါသည်။

မြတ်ဆရာတို့အား ကန်တော့ကြသည့် ငွေ၊ ဆေးဝါး၊ စာအုပ်များ၊ လက်ဆောင်ပစ္စည်းများ စုံလင်လှပါသည်။ ဆရာ၊ ဆရာမများအား ရိုသေစွာကန်တော့ကြပါသည်။ မင်္ဂလာရှိသော ဆရာကန်တော့ပွဲမှာ ဝမ်းမြောက်ကြည်နူးဖွယ်မြင်ကွင်းတစ်ခုဖြစ်ပါသည်။ မှတ်တမ်းတင်ဓာတ်ပုံရိုက်သူများကလည်း အလုပ်ရှုပ်လျက်ရှိပါသည်။ ပျော်စရာကောင်းလှပါဘိ။ ဆရာကြီးများက ဆုံးမဩဝါဒပေးကြပါသည်။ ထိုဩဝါဒများသည် တပည့်များအတွက် အဖိုးထိုက်တန်သော မှတ်သားဖွယ်ရာများဖြစ်ပါသည်။

ထိုဩဝါဒဆုံးမစကားများတွင် ဆရာဟူသည် တပည့်များအား မှန်ကန်သောအသိပညာ၊ အတတ်ပညာများသင်ပေးခဲ့၍ ယခုအချိန်တွင် နိုင်ငံတော်၏ မျက်နှာစာအသီးသီး၌ကျရာတာဝန်၊ကျရာဌာနများ၌ တာဝန်ထမ်းဆောင်နေကြသော တပည့်များအတွက် ဂုဏ်ယူကြောင်း၊ ဆရာတွင် တပည့်မရှား၊ တစ်ပြားမရှိ ပီတိကိုစား၍ အားရှိနေပါကြောင်းများပါဝင်ပါသည်။ ဆရာသည် မိမိတပည့်ဘယ်ဌာနတွင် ဘယ်ရာထူး၌ အမှုထမ်းဆောင်နေကြောင်း ဂုဏ်ယူပြောဆိုခြင်းဖြင့် ပီတိကိုစား၍ အားရှိလျက်ရှိပါသည်။

အမှန်ဆိုရသော် မြတ်ဆရာတို့၏ ရင်ဝယ်ပီတိပွားကာ ကြည်နူးမဆုံး တပြုံးပြုံးဖြစ်နေကြသည်မှာ ၎င်းတို့၏အပြုံးများကပေါ်လွင်အောင် ဖော်ပြလျက်ရှိပါသည်။ တပည့်တို့၏ဝမ်းမြောက်ဝမ်းသာရှိခြင်းမှာလည်း အတိုင်းအဆမရှိဖြစ်နေပါတော့သည်။

အာစရိယပူဇော်ပွဲများ ကျင်းပရာတွင် နေရာဒေသအလိုက် အမျိုးမျိုးအဖုံဖုံကျင်းပကြသည်။ တချို့မြို့တွင် တစ်မြို့လုံးရှိ ထက်/လယ်/မူ အငြိမ်းစားဆရာများအားလုံးကို ပူဇော်ကြသည်။ အများအားဖြင့် ထက်/လယ်ကျောင်းများက မိမိတို့ကျောင်းမှ အငြိမ်းစားဆရာ၊ ဆရာမများကိုသာ ကန်တော့ကြပါသည်။ အချို့ကျောင်းများကမူ နှစ်အကန့်အသတ်ထား၍ ကန်တော့ကြပါသည်။ အချို့ကျောင်းများကမူ လုပ်သက်နှစ်ကို ပိုင်းခြား၍ ကန်တော့ကြ၏။ မူလတန်းကျောင်း ဆရာ၊ ဆရာမများကို ကန်တော့ခြင်းမှာ နည်းပါးပါသေးသည်။ မည်သို့ပင်ဖြစ်စေကာမူ ဆရာများကို ကန်တော့ခြင်းသည် မင်္ဂလာတစ်ပါးပင်ဖြစ်ပါ၏။

နှစ်စဉ်အာစရိယပူဇော်ခြင်းနှင့်အတူ အချို့ကျောင်းများက ဆရာများ၏ ကျန်းမာရေးစောင့်ရှောက်မှု ကော်မတီဖွဲ့ကာ ဆရာများ၏ကျန်းမာရေးကို စစ်ဆေးခြင်း၊ ကုသပေးခြင်း၊ ဆေးရုံတက်ပါက စရိတ်ထောက်ပံ့ပေးကာ နာရေးတွင်လည်း ကူညီဆောင်ရွက်ပေးကြပါသည်။

အချို့ကျောင်းကမူ မိမိကျောင်းမှ မွေးထုတ်ပေးလိုက်သော ဆရာဝန်ကြီးများ၊ အထူးကုများ၊ သမားတော်များကအာစရိယပူဇော်ပွဲ အခမ်းအနားမစမီ တက်ရောက်လာကြသော ဆရာများ၏ ကျန်းမာရေးကို စစ်ဆေး ကုသပေးပါသည်။ ထို့ပြင် ဆရာ၊ ဆရာမများအား အခမဲ့ဆေးကုသပေးရန် ဆရာဝန်တစ်ဦးအား တာဝန်ပေးအပ်ထားပါသည်။ အလွန်ကောင်းသော အစီအစဉ်တစ်ခုပါပေ။ အချို့ကျောင်းများက သက်ကြီး ဆရာကြီး၊ဆရာမကြီးများအား လစဉ်ငွေ မည်ရွေ့မည်မျှ သတ်မှတ်၍ တစ်နှစ်တစ်ခါ ထောက်ပံ့ပေး၏။ မတက်ရောက်နိုင်သော ဆရာ၊ ဆရာမများကို ကန်တော့ခံပစ္စည်းများနှင့်အတူ အိမ်တိုင်ရာရောက် သွားရောက် ပူဇော်ကြပါသည်။ ရပ်ဝေးမှ ဆရာ၊ ဆရာမများထံသို့လည်း ကန်တော့ခံပစ္စည်းများပို့ပေးပါသည်။

ကျွန်တော်တို့သည် မြတ်ဆရာများကို ပူဇော်ခြင်းမှာ မွန်မြတ်သော ကန်တော့ပွဲဖြစ်၍ ဤကမ္ဘာတည်သရွေ့ရှိနေဦးမည်ဖြစ်ကြောင်း သာဓုသုံးကြိမ်ခေါ်၍ တပည့်အပေါင်း ချမ်းသာကိုယ်စိတ်မြဲ၍ လိုရာဆန္ဒပြည့်ဝကြစေကြောင်းမေတ္တာရေလောင်းအပ်ပါသည်။ ။

ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ရွှေဘုံသာလမ်းမှ ရွှေကုန်သည်နှင့် ရွှေပွဲစားများက ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ်သုံးသိန်းကို တိပိဋကရေဆရာတော် ဘဒ္ဒန္တ ကုန္ဓပါလထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ-နိ (ပင်မ)ဥက္ကဋ္ဌ ရွှေစင်အကယ်ဒမီ ဦးသူတော်နှင့် တိ=နိ(မန္တလေးဌာန)ဥက္ကဋ္ဌ ဦးကျော်မြင့်တို့ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ရန်ကုန်တိုင်း လှည်းကူးမြို့နယ် ကျွန်းကလေး မြတ်သန္တာမဟာစည်ရိပ်သာ၌ အသစ်တည်ဆောက်လျက်ရှိသော မြတ်သစ္စာသိမ်တော်ကြီးအတွက် အလှူငွေကျပ် တစ်သိန်းသုံးသောင်းကို အလှူရှင် ကိုမောင်တင့်-မကြူ (အင်းစိန်ဈေး၊ ၃-ရုံ၊ မကြူအထည်ဆိုင်)မိသားစုက မြတ်သန္တာဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

စာပေသခင် ကျေးဇူးရှင်သို့

* ကညစ်တစ်လက်၊ ပေတစ်ရွက်ဖြင့်
ထက်မြက်စေတနာ၊ အမျိုးဘာသာ
သာသနာအကျိုး၊ ဂုဏ်မညှိုးအောင်
ပြည်သူအကျိုး၊ စဉ်မျှော်ကိုး၍
သယ်ပိုးလန်းဆန်း၊ စိတ်ရွှင်လန်းသည်
"ရဟန်း"စာဆို၊ ရှေးစာဆိုတည်း။

* အသွားထက်ထက်၊ ဓားတစ်လက်နှင့်
ထက်မြက်ကလောင်၊ သူကိုင်ဆောင်၍
ပြည်ထောင်ကောင်းမှု၊ အကျိုးပြုသည်
"စစ်သည်"စာဆို၊ ရှေးစာဆိုတည်း။

* စာဆိုသက်သက်၊ ကလောင်စက်ဖြင့်
လင်းလက်ရောင်ဝါ၊ တိုင်းပြည်သာအောင်
ခါခါကျိုးပြု၊ စာပေနှဖြင့်
တိုင်းကျိုးပြည်ပြု၊ အကျိုးပြုသည်
"ပြည်သူ့"စာဆို၊ ရှေးစာဆိုတည်း။

* ဩော် ...
ကညစ်တစ်လက်၊ ပေတစ်ရွက်ဖြင့်
ထက်မြက်စာပေ၊ ပြုစုပေသော ...
ကလောင်တစ်ဖက်၊ ဓားတစ်လက်ဖြင့်
ထက်မြက်စာပေ၊ ပြုစုပေသော ...။
ကလောင်သက်သက်၊ ဓားမဖက်ဘဲ
ထက်မြက်စာပေ၊ ပြုစုပေသော ...။
စာပေသခင် ကျေးဇူးရှင်သို့
စိတ်တွင်သဒ္ဓါ၊ ကြည်နူးစွာပင်
ဆုတောင်းချင်သည် ...
စာပေရှင်သန်၊ ဘဝင်ညံ၍
အောင်လံဝင့်ဝင့်တင့်စေသော၀ ...။ ။

သူဇာနွယ်(မျာပုံ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၄-၁၂-၂၀၀၇ (တနင်္လာနေ့)

AM & PM

၇:၀၀-၁:၀၀	MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ်
၇:၀၅-၁:၀၅	"ပရိတ်ကြီး(၁၁)သုတ် (ဆရာတော် သဒ္ဓမ္မဇောတိကဓဇဘဒ္ဒန္တ ဝါယမ)
၇:၅၅-၁:၅၅	ဇင်းကျိုက်တောင်ပေါ်စေတီတော် မဟာအောင်ဇောဓိဟုခေါ်
၈:၀၅-၂:၀၅	Soccer Update
၈:၂၀-၂:၂၀	တေးဂီတအစီအစဉ်
၈:၃၀-၂:၃၀	သဘာဝကပေးတဲ့အကျိုးအာနိသင်
၈:၄၅-၂:၄၅	တေးဂီတအစီအစဉ်
၈:၅၀-၂:၅၀	ကြည်ညိုပွားများရည်မှန်းကုသိုလ်ယူမြတ်သောအလှူ
၉:၁၀-၃:၁၀	ပြည်တွင်းသတင်းအကျဉ်း
၉:၂၀-၃:၂၀	တေးဂီတအစီအစဉ်
၉:၂၅-၃:၂၅	MRTV-4 ကျန်းမာရေးကဏ္ဍ မြန်မာနိုင်ငံတွင် မှတ်တိုင်သစ်ထူခဲ့သည့် မြန်မာ့သားဖွားနှင့်မီးယပ်ပညာရှင်များ၏အောင်မြင်မှု (ဖန်ပြွန်သန္ဓေသားနည်းပညာအကြောင်း) အပိုင်း(၂)
၉:၄၀-၃:၄၀	နိုင်ငံတကာသတင်းအကျဉ်း
၉:၄၅-၃:၄၅	လက်ဖက်ရဲ့အဖော်နှစ်ပြန်ကြော်
၉:၅၅-၃:၅၅	MRTV-4 စာအုပ်စင်ကဏ္ဍ (ဆရာမဒေါ်ခင်မြဇင်နှင့်တွေ့ဆုံခြင်း)
၁၀:၂၀-၄:၂၀	မိုးလေဝသခန့်မှန်းချက်
၁၀:၂၅-၄:၂၅	စိတ်၏စေရာ"ဆင်ရုပ်"ပေါ်မှာ
၁၀:၄၀-၄:၄၀	တေးဂီတအစီအစဉ်
၁၀:၄၅-၄:၄၅	Yangon Panorama (မျက်လုံးရိုင်းပန်းချီပြပွဲ)
၁၁:၁၅-၅:၁၅	ပြည်တွင်းသတင်းအကျဉ်း
၁၁:၂၅-၅:၂၅	သာသနာ့သက်သေ မဟာပုဂံမြေ [ဒေါက်တာချစ်ငယ်(ဒဿန)Ph.D]
၁၁:၄၀-၅:၄၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၄၅-၅:၄၅	ကျောက်မီးသွေးအကြောင်းသိကောင်းစရာ
၁၂:၀၅-၆:၀၅	တေးဂီတအစီအစဉ်
၁၂:၁၀-၆:၁၀	ထူးထူးခြားခြားရာသီဥတုဖြစ်စဉ်များ
၁၂:၃၀-၆:၃၀	တေးဂီတအစီအစဉ်
၁၂:၃၅-၆:၃၅	အဏ္ဏဝါ၏သားကောင်းများ
၁:၀၀-၇:၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

*** ရှေ့ဖုံးမှ**

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးက အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့် စာပေဆုနှင်းသဘင် အခမ်းအနားသည် ဂုဏ်ပြုချီးမြှင့်ထိုက်သော စာပေဆိုင်ရာ စွမ်းဆောင်မှုများအတွက် နိုင်ငံတော်က အသိအမှတ်ပြု ဂုဏ်ပြုချီးမြှင့်ခြင်းနှင့်အတူ မြန်မာစာပေလောက ဖွံ့ဖြိုးရှင်သန် တိုးတက်ထွန်းကားရေးအတွက် အားပေးချီးမြှောက်မှု အစဉ်အလာကောင်း တစ်ရပ်အဖြစ်ဖြင့် နှစ်စဉ်ကျင်းပလျက်ရှိသည့် ဂုဏ်ယူဖွယ် အခမ်းအနားတစ်ခုဖြစ်ကြောင်း။

သမိုင်းအစဉ်အလာ ကြီးမားသကဲ့သို့ အဆင့်အတန်းမြင့်မားသည့် မြန်မာစာပေ၏ ဖွံ့ဖြိုးတိုးတက်ပြောင်းလဲလာမှုဖြစ်စဉ်တွင် အစဉ်အလာကောင်း၊ အမွေခံကောင်းများကို ထိန်းသိမ်းမြှင့်တင်ရင်း ယခုကဲ့သို့ ဂုဏ်ပြုချီးမြှင့်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် အဖွဲ့ဝင်များ ၂၀၀၆ ခုနှစ်အတွက် အမျိုးသားစာပေဆု ရရှိကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး ၂၀၀၆ ခုနှစ်အတွက် အမျိုးသားစာပေ နိုင်ငံရေးစာပေဆုရ မှူးသမိန်အား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ထိုက်သည့် ဂန္ထဝင်မြောက် စာကောင်းပေမွန်များ၊ တန်းဝင်သည့် စာပေလက်ရာများ၊ နိုင်ငံနှင့် လူမျိုး အကျိုးဖြစ်ထွန်းစေမည့် သုတရသ စာအုပ်စာတမ်းများ စဉ်ဆက်မပြတ် ပေါ်ထွန်းနေမှုသည်လည်း တစ်မျိုးသားလုံးအတွက် ဂုဏ်ယူဖွယ်ပင်ဖြစ်ကြောင်း။

အမျိုးသားယဉ်ကျေးမှု၏ ပင်မမဏ္ဍိုင်ဖြစ်သည့် စာပေလောက ရှင်သန်ဖွံ့ဖြိုးရေး၊ ခေတ်နှင့်လျော်ညီစွာ တိုးတက်ထွန်းကားရေးအတွက် နိုင်ငံတော်အစိုးရက အဘက်ဘက်က အားပေးချီးမြှောက်လျက် ရှိရာတွင် စာပေဆုများချီးမြှင့်ခြင်းကို အစဉ်အလာကောင်းတစ်ရပ်၊ နည်းလမ်းကောင်းတစ်ရပ်အဖြစ်ဖြင့် ဆောင်ရွက်လျက်ရှိသည့်အပြင် စာပေဆုများကို တစ်နှစ်ထက်တစ်နှစ် ပိုမိုပြီး ထူးထူးခြားခြား တိုးမြှင့်ချီးမြှင့်ပေးလျက်လည်း ရှိကြောင်း။

မိမိတို့၏ မြန်မာအက္ခရာနှင့် မြန်မာစာပေသည် လွန်ခဲ့သည့် နှစ်ပေါင်းတစ်ထောင်ကျော် ပုဂံမြို့ပြနိုင်ငံများ ခေတ်ဦးကတည်းက ပီပီပြင်ပြင် ထွန်းကားနေခဲ့ပြီးဖြစ်ကြောင်း၊ ခေတ်အဆက်ဆက်၌ နန်းသုံးတော်ဝင်စာပေများရော၊ ကျေးလက်နေပြည်သူများ၏ ဘဝသရုပ်ဖော်စာပေများပါ အလျှာစုံတွင် တိုးတက်ဖြစ်ထွန်းလာခဲ့သည်သာမက စာပေလင်္ကာကဗျာအမျိုးအစား၊ အစပ်အဟပ် အဖွဲ့အနွဲ့ ဖွဲ့စည်းပုံ အမျိုးအစား အစုံလင်ဆုံးဟု ဆိုရလောက်အောင် ဘက်စုံကဏ္ဍစုံက ဖွံ့ဖြိုးစည်ပင်လာခဲ့သည်ဖြစ်ကြောင်း၊ မြန်မာစာပေသည် ပုံသဏ္ဍာန်အပိုင်းတွင်သာမက အနှစ်သာရ အပိုင်းတွင်လည်း ရာဇရေး၊ ဓမ္မရေး၊ လောကရေး၊ လောကီရေး၊ လောကုတ္တရာရေး နယ်ပယ်ကဏ္ဍစုံလင်စွာ ကွန့်မြူးစီခြယ်နိုင်ခဲ့ကြသည်ကို တွေ့ရကြောင်း။

မြန်မာစာပေ၏ ကျေးဇူးကြောင့် မြန်မာလူမျိုးတို့သည် စိတ်နေစိတ်ထားနူးညံ့သိမ်မွေ့မှု၊ ယဉ်ကျေးလိမ္မာမှု၊ ထောက်ထားညှာတာ စာနာတတ်မှု၊ အချင်းချင်း ရိုင်းပင်းကူညီမှု၊ စုစည်းညီညွတ်မှု စသည့် ကောင်းမြတ်သည့် စရိုက်လက္ခဏာများဖြင့် ပြည့်စုံနေခဲ့ကြခြင်းဖြစ်ကြောင်း၊ အထူးသဖြင့် ယဉ်ကျေးသိမ်မွေ့သည့် အမူအကျင့်ဓလေ့စရိုက်များနှင့် ထက်မြက်သည့် စွမ်းဆောင်ရည်တို့ကို ယှဉ်တွဲပိုင်ဆိုင်နေခြင်း၊ နှလုံးရည်ရော လက်ရုံးရည်ပါ ထူးချွန်ပြောင်မြောက်ကြခြင်း၊ နူးညံ့သည့် စိတ်ထားနှင့် ခိုင်မာသည့် စိတ်ဓာတ်တို့ ပေါင်းစည်းခိုင်မြဲနေခြင်းတို့သည် စာပေကမွေးဖွားပေးလိုက်သော ထူးခြားသည့် မြန်မာ့ဂုဏ်ရည်များပင်ဖြစ်ကြောင်း။

ဤသို့ ကောင်းမြတ်သည့် ရိုးရာအစဉ်အလာများကို သစ်လွင်သည့် ခေတ်အမြင်ဖြင့် မြှင့်တင်ပေးနိုင်ဖို့သည် မျက်မှောက်ခေတ် စာပေပညာရှင်များ၏ သမိုင်းပေးတာဝန်ဟု ဆိုရမည်ဖြစ်ကြောင်း၊ နိုင်ငံနှင့်လူမျိုး မြှင့်တင်ရေးတွင် စာပေနှင့်ယဉ်ကျေးမှု၏ ကြီးမားသည့် အခန်းကဏ္ဍနှင့် ထက်မြက်သည့် စွမ်းအားကို အမျိုးသားရေးအတွက် အကျိုးရှိ ထိရောက်စွာ အသုံးချနိုင်စေရမည်ဖြစ်ကြောင်း။

အလွန်လျင်မြန်သည့် အဟုန်ဖြင့် တိုးတက်ပြောင်းလဲနေသော ယနေ့နိုင်ငံတကာ ဖြစ်စဉ်ဖြစ်ရပ်များ၌ မိမိတို့၏ အမျိုးသားရေးအကျိုးစီးပွားကို အခြေအနေ အချိန်အခါတိုင်းတွင် မျက်ခြည်မပြတ် ထိန်းသိမ်းစောင့်ရှောက် မြှင့်တင်နိုင်ရေးအတွက် မိမိနိုင်ငံသူနိုင်ငံသား ပြည်သူများအကြား၌ မှန်ကန်သောအသိအမြင် အတွေးအခေါ်၊ ကျယ်ပြန့်သည့် ဗဟုသုတ အတွေ့အကြုံ၊ ခိုင်မာသော အမျိုးသားရေး ရပ်တည်ချက်၊ မြင့်မားသည့် စိတ်ဓာတ်စွမ်းအားတို့ ထုနှင့်ထည်နှင့် ဖြစ်ထွန်းနေစေရအောင် စာပေ၏စွမ်းအားဖြင့် တည်ဆောက်ပေးကြရမည် ဖြစ်ကြောင်း။

နိုင်ငံတော်သစ်သို့ အသွင်ကူးပြောင်းတက်လှမ်းနိုင်ရေးတွင် အနာဂတ်အတွက် လိုအပ်သော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေခံများ ခိုင်ခိုင်မြဲမြဲ ဖြစ်ထွန်းနေစေရန် ကြိုးပမ်းတည်ဆောက်လျက်ရှိရာ ယနေ့အချိန်အခါတွင် စာပေပညာရှင်များကလည်း မိမိတို့နိုင်ငံသူနိုင်ငံသား ပြည်သူများကို နိုင်ငံတော်သစ်နှင့် ဆီလျော်ကိုက်ညီမည့် စိတ်ဓာတ်ရေးရာအခြေခံကောင်းများ၊ အလေ့အကျင့်ကောင်း၊ ဓလေ့စရိုက်ကောင်းများ နိုင်ငံကြီးသားကျင့်ဝတ်များနှင့် ပြည့်စုံစေရအောင် စာပေစွမ်းအားဖြင့် ဖန်တီးဖော်ဆောင်ပေးကြရန် လိုအပ်ကြောင်း။

ထို့ကြောင့် မိမိနိုင်ငံသူ နိုင်ငံသားပြည်သူများအားလုံးတွင် အမျိုးသားရေးစိတ်ဓာတ်၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံသော စိတ်ဓာတ်ရေးရာ ပြည့်ဖြိုးခိုင်မာစေရန် အမျိုးအနွယ်စောင့်ထိန်းမှု၊ ရိုးရာယဉ်ကျေးမှုကို မြတ်နိုးလေးစား စောင့်ရှောက်မြှင့်တင်တတ်မှု အစဉ်အလာကောင်းများ ခိုင်ခိုင်မြဲမြဲ ဖြစ်ထွန်းနေစေရန်နှင့် စာရိတ္တ မြင့်မားခိုင်ကျည်မှု၊ ဥပဒေစည်းကမ်းလေးစားလိုက်နာမှု၊ လူ့ဘောင်အဖွဲ့အစည်း၏ အကျိုးစီးပွားအတွက် အပြုသဘော ရှုမြင်ဆောင်ရွက်တတ်မှု စသော နိုင်ငံကြီးသားကျင့်ဝတ်များနှင့် ပြည့်စုံနေစေရန် စာပေစွမ်းအားဖြင့် စေ့ဆော်ဖန်တီး ဖော်ဆောင်ပေးကြရမည်ဖြစ်ကြောင်း။

ထို့အပြင် မိမိနိုင်ငံ မိမိလူမျိုး နိုင်ငံတကာ တိုးတက်ပြောင်းလဲမှုဖြစ်စဉ်တွင် ယှဉ်တွဲလိုက်နိုင်စေရေးအတွက် နေ့စဉ်နှင့်အမျှ တိုးတက်ပြောင်းလဲနေသည့် သိပ္ပံနှင့်နည်းပညာရပ်များ၊ ခေတ်သစ်တွင် တိုးတက်ဖြစ်ထွန်းနေသော ဝိဇ္ဇာပညာရပ်များ၊ တွေးခေါ်မြော်မြင်မှု သဘောတရားသစ်များ၊ သီအိုရီသစ် အယူအဆသစ်များကို ခေတ်နှင့်တစ်ပြေးညီ ရယူနိုင်စေရန်၊ နိုင်ငံတကာ တိုးတက်ပြောင်းလဲမှု အဖုံဖုံကို အမျိုးသားရေးအသိအမြင် အမျိုးသားရေးရှုထောင့်က ရှုမြင်သုံးသပ်ဆောင်ရွက်နိုင်စွမ်းရှိစေရန်နှင့် မိမိနိုင်ငံသူ နိုင်ငံသားပြည်သူများ ပညာရည်မြင့်မားခေတ်မီစေရန် စာပေပညာရှင်များက ရှေ့ဆောင် လမ်းထွင်ပေးနိုင်ကြရမည်ဖြစ်ကြောင်း။

ယနေ့အချိန်အခါတွင် မိမိတို့နိုင်ငံအပေါ် ဩဇာလွှမ်းမိုးခြယ်လှယ်လိုသည့် နိုင်ငံကြီးအချို့သည် မိမိနိုင်ငံသူနိုင်ငံသား ပြည်သူများ၏ အတွေးအခေါ် အယူအဆ စိတ်ဓာတ်ရေးရာအပိုင်းကို ၎င်းတို့လိုလားသည့် ပုံစံအတွင်း သွတ်သွင်း ပုံဖော်နိုင်စေရန် အသံလွှင့်ဌာနများ၊ မီဒီယာများကတစ်ဆင့် ရည်ရွယ်ချက်ရှိရှိဖြင့် နိစ္စဓူဝ လှုံ့ဆော်လျက်ရှိကြောင်း၊ အဆင့်မြင့် ဆက်သွယ်ရေးနည်းပညာများ၊ မီဒီယာနည်းလမ်းများ၊ စိတ်ဓာတ်စစ်ဆင်ရေး နည်းဗျူဟာများနှင့် နေ့စဉ်ညတိုင်း ထိထိမိမိ ရည်မှန်းဆောင်ရွက်နေသည်ကို လျစ်လျူရှုထားမည်ဆိုလျှင် မိမိတို့၏ အမျိုးသားရေးအသိအမြင်၊ အမျိုးသားရေး အယူအဆအတွေးအခေါ်များ လျော့ပါးပျက်စီးသွားမည်မှာ မလွဲဧကန်ပင် ဖြစ်ကြောင်း။

ထို့ကြောင့် ပြည်သူများ အသိအမြင်ကြွယ်ဝအောင်၊ နိုင်ငံတကာဗဟုသုတနှင့် ပြည့်စုံအောင်၊ အတိတ်သမိုင်းသင်ခန်းစာများနှင့် ထင်ဟပ်ရှုမြင်နိုင်အောင်၊ မှန်မှား ဆိုးကောင်း ပိုင်းခြားသိမြင်နိုင်အောင်၊ အထူးသဖြင့် ရည်ရွယ်ချက်ရှိရှိ ထိုးနှက်လှုံ့ဆော်နေမှုများ၏ သရုပ်မှန်ကို အရင်းခံအတိုင်း ရှုမြင်သုံးသပ်နိုင်စေရအောင် စာပေ၏ ထက်မြက်သည့် စွမ်းပကားဖြင့် မိမိတို့၏ ပြည်သူများကို အသိပညာပေးနိုင်ရန် အရေးကြီးကြောင်း။

အမျိုးသားစာပေ၏နယ်ပယ်ကို နိုင်ငံတကာနှင့် ဆက်စပ်ပြီး ကမ္ဘာ့အမြင်ရော မြန်မာ့အမြင်ပါ ရှိစေရန် မဖြစ်မနေ ကြိုးပမ်းဆောင်ရွက်ကြရမည့် ယနေ့အချိန်အခါတွင် တိုင်းတစ်ပါးယဉ်ကျေးမှုအငွေ့အသက်၊ ဓလေ့စရိုက်များ ထိုးဖောက်ဝင်ရောက်လာမှုကို ရှောင်လွှဲ၍ မရနိုင်သည်လည်း အမှန်ပင်ဖြစ်ပါကြောင်း၊ ဤအခြေအနေ အချိန်အခါမျိုးတွင် အမျိုးသားစာပေကို မိမိတို့၏ အမျိုးသားရေးယဉ်ကျေးမှု မထိပါးမပွန်းရှ မကျိုးပေါက်ရလေအောင် စောင့်ရှောက်ကာကွယ်ပေးနိုင်သည့် အမျိုးသားရေး ခံကတုတ်တစ်ခုအဖြစ် အခိုင်အမာဖြစ်တည်နေစေရန် စာပေပညာရှင်များအားလုံးက ဝိုင်းဝန်းညီညာကြိုးပမ်းဆောင်ရွက်ပေးကြပါဟု တိုက်တွန်းပြောကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ အမျိုးသားရေးကို ရှေးရှုသော သုတရသ စာကောင်းပေမွန်များကို ဆက်လက်ရေးသားပြုစုကြရင်း ပြည်သူတို့ကို မှန်ကန်သည့် အသိအမြင် အတွေးအခေါ်များ၊ ကြွယ်ဝသည့် အတွေ့အကြုံ ဗဟုသုတများ၊ အမျိုးသားအချင်းချင်း ရိုင်းပင်းညီညွတ်သည့် စိတ်ဓာတ်စွမ်းအားကောင်းများ၊ မြန်မာတို့၏ ကောင်းမြတ်သည့်စိတ်ထားနှင့် ဓလေ့စရိုက်အစဉ်အလာကောင်းများ၊ နိုင်ငံတကာနှင့် ယှဉ်တွဲတိုးတက်စေမည့် ခေတ်မီသိပ္ပံနည်းပညာနှင့် အသိဉာဏ်ပညာသစ်များ စသည့် စွမ်းအားသတ္တိကောင်းများဖြင့် ပြည့်စုံစေရအောင် စာပေ၏ထက်မြက်သည့် စွမ်းအားဖြင့် ကြိုးပမ်းဆောင်ရွက်ပေးကြပါဟု တိုက်တွန်း မှာကြားသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ●

စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင် ၂၀၀၆ ခုနှစ်အတွက် အမျိုးသားစာပေ မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ စာပေဆုရ သျှင်ထွေးယဉ်(မနုသဿ)အား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ၂၀၀၆ ခုနှစ်အတွက် အမျိုးသားစာပေ သုတပဒေသာ(ရိုးရိုးသိပ္ပံ) စာပေဆုရ ကျော်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦးနှင့် အဖွဲ့ဝင်များ ၂၀၀၆ခုနှစ်အတွက် စာပေဗိမာန် စာမူဆု ရရှိကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

● **စာမျက်နှာ ၇ မှ**

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦးက ၂၀၀၆ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆုရ စာရေးဆရာမကြီး ဒေါ်ကြန်(မကြန်)အား ဆုပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ၂၀၀၆ခုနှစ်အတွက် အမျိုးသား စာပေဆုရရှိကြသူများဖြစ်ကြသည့် **"ဘုံဘ၀ ကြုံတွေ့ရ ဇာတ်လမ်းများ"** စာအုပ်ဖြင့် အမျိုးသားစာပေ နိုင်ငံရေးစာပေဆုရ မှူးသမိန်၊ **"ဗေဒီသံ ၀တ္ထုတိုများ"** စာအုပ်ဖြင့် အမျိုးသားစာပေ ၀တ္ထုတို ပေါင်းချုပ်ဆုရ ကြည်နိုင်နှင့် **"ဘ၀ ကျောင်းမှ စောင်းခတ်သံ ကဗျာများ"** စာအုပ်ဖြင့် အမျိုးသားစာပေ ကဗျာ ပေါင်းချုပ်ဆုရ မြင်းမူမောင်နိုင်မိုးတို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် စစ်ရေးချုပ် ဗိုလ်ချုပ် သူရမြင့်အောင်က **"မေယုတောင်စွယ်ကြားမှ သွေးချင်းမောင်မယ်များ"** စာအုပ်ဖြင့် အမျိုးသားစာပေ မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ စာပေဆုရ သျှင်ထွေးယဉ် (မနုသဿ)၊ **"ပန်းပွင့်ခရေနှင့် အခြားဝတ္ထုများ"** စာအုပ်ဖြင့် အမျိုးသားစာပေ လူငယ်စာပေဆုရ မစန္ဒာနှင့် **"ကမ္ဘာပြားပြီ (သုံးအုပ်တွဲ)"** စာအုပ်ဖြင့် အမျိုးသားစာပေ ဘာသာပြန်(သုတ) စာပေဆုရ ကျော်ဝင်းတို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ၂၀၀၆ခုနှစ်အတွက် အမျိုးသားစာပေဆု ရရှိကြသူများဖြစ်ကြသည့် **"ကံကြမ္မာအကျဉ်းသား"** စာအုပ်ဖြင့် အမျိုးသားစာပေ ဘာသာပြန်(ရသ) စာပေဆုရ မောင်ပေါ်ထွန်း၊ **"နေသူရိန်၏အရှိန်အဝါအောက်မှာ"** စာအုပ်ဖြင့် အမျိုးသားစာပေသုတပဒေသာ (ရိုးရိုးသိပ္ပံ) စာပေဆုရ ကျော်ဦးနှင့် **"စီးပွားဖြစ် သစ်ခွစိုက်ပျိုးရေး"** စာအုပ် ဖြင့် အမျိုးသားစာပေ သုတပဒေသာ(အသုံးချသိပ္ပံ) စာပေဆုရ နေမျိုးနိုင်တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက ၂၀၀၆ခုနှစ်အတွက် စာပေဗိမာန်စာမူဆု ရရှိကြသည့် **"မော် ၅၂၈"** စာမူဖြင့် ဝတ္ထုရှည် ပထမဆုရ ပုသိမ်အောင်သန်းဦး၊ **"နေမမြင်ရေပြင်ခဲ သဲကန္တာရလည်း ဖြစ်ပါစေ"** စာမူဖြင့် ဝတ္ထုရှည်ဒုတိယဆုရ သုသိဏ်နှင့် **"အကြွေးသမား"** စာမူဖြင့် ဝတ္ထုရှည် တတိယဆုရ ပိုင့်လှိုင်းသစ်တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ တရားသူကြီးချုပ် ဦးအောင်တိုးက ၂၀၀၆ခုနှစ်အတွက် စာပေဗိမာန် စာမူဆုရရှိကြ သည့် **"ရေမှုဆိုး ဝတ္ထုတိုများ"** စာမူဖြင့် ဝတ္ထုတိုပထမဆုရ မောင်ခြိမ့်၊ **"ဘ၀ လူ့ရွာ ပန်းအလင်္ကာ ဝတ္ထုတိုများ"** စာမူဖြင့် ဝတ္ထုတို ဒုတိယဆုရ နေမျိုးသန့်နှင့် **"သတိတစ်ချက်၊ ဘ၀ တစ်သက်နှင့် လူငယ်ဝတ္ထုတိုများ"** စာမူဖြင့် ဝတ္ထုတို တတိယဆုရ သွဲ့ထားညို(သက္ကလ)တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ရှေ့နေချုပ် ဦးအေးမောင်က စာပေဗိမာန်စာမူဆုရရှိကြသည့် **"ပန်းတိုင်လမ်းနှင့် အခြား**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ၂၀၀၆ခုနှစ်အတွက် စာပေဗိမာန် စာမူဆု ဝတ္ထုရှည် ပထမဆုရ ပုသိမ်အောင်သန်းဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။

(သတင်းစဉ်)

သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် ၂၀၀၆ခုနှစ်အတွက် စာပေဗိမာန် စာမူဆု စာပဒေသာ တတိယဆုရ ဦးသောင်းငွေအား ဆုပေးအပ်ချီးမြှင့်စဉ်။

(သတင်းစဉ်)

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း ၂၀၀၆ ခုနှစ်အတွက် စာပေဗိမာန် စာမူဆု လူငယ်စာပေ ပထမဆုရ ကျွန်းစဉ်မြေစောခက်အား ဆုပေးအပ်ချီးမြှင့်စဉ်။

(သတင်းစဉ်)

လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီးနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ ၂၀၀၆ခုနှစ်အတွက် စာပေဗိမာန် စာမူဆု မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ စာပေ ဒုတိယဆုရ ထန်လှိုင်အား ဆုပေးအပ်ချီးမြှင့်စဉ်။

(သတင်းစဉ်)

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း ၂၀၀၆ ခုနှစ်အတွက် စာပေဗိမာန် စာမူဆု သုတပဒေသာ(ဝိဇ္ဇာ) စာပေပထမဆုရ ညွှန့်ညွှန့်ရီ(အနုပညာ)အား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်း ၂၀၀၆ခုနှစ်အတွက် စာပေဗိမာန် စာမူဆု သုတပဒေသာ(သိပ္ပံ) စာပေ ပထမဆုရ အောင်စိုး(စိုက်ပျိုး၁၀၇)အား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း ၂၀၀၆ခုနှစ်အတွက် စာပေဗိမာန် စာမူဆု ကလေးစာပေ ပထမဆုရ အောင်ကျော်ဆန်းအား ဆုပေးအပ်ချီးမြှင့်စဉ်။

(သတင်းစဉ်)

တရားသူကြီးချုပ်ဦးအောင်တိုး ၂၀၀၆ခုနှစ်အတွက် စာပေဗိမာန် စာမူဆု ဝတ္ထုတို ဒုတိယဆုရ နေမျိုးသန့်အား ဆုပေးအပ်ချီးမြှင့်စဉ်။

(သတင်းစဉ်)

ကဗျာများ" စာမူဖြင့် ကဗျာပေါင်းချုပ် ပထမဆုရ ရွှေမြိုင်ပြုံးလဲ့မော်၊ **"ပန်းတွေဝှက်တဲ့ အိပ်မက်အိမ်"** စာမူဖြင့် ကဗျာပေါင်းချုပ် ဒုတိယဆုရ မောင်အုန်းသောင်း(မကွေး)နှင့် **"မီးလျှံထဲက ကြာပွင့်များ ကဗျာပေါင်းချုပ်"** စာမူဖြင့် ကဗျာပေါင်းချုပ် တတိယဆုရ အသုတ်မောင်ဝင်းရောင်တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းက စာပေဗိမာန် စာမူဆုရရှိကြသည့် **"လူမှုအနုလက်ရာ မြန်မာ့စပ်ပန်းချီပညာ"** စာမူဖြင့် သုတပဒေသာ(ဝိဇ္ဇာ) စာပေ ပထမဆုရ ညွန့်ညွန့်ရီ(အနုပညာ)၊ **"မြန်မာ့အနုပညာနယ်ပယ်၏ မူပိုင်ခွင့်နှင့် တီထွင်မှုများ"** စာမူဖြင့် သုတပဒေသာ(ဝိဇ္ဇာ)စာပေ ဒုတိယဆုရ ဦးမိုးမြင့်ဝင်း (သိပ္ပံနှင့်နည်းပညာ) နှင့် **"အလံဦးကင်းဝ (သို့မဟုတ်) အနောက်မြောက်တံခါးဝသမိုင်း"** စာမူဖြင့် သုတပဒေသာ(ဝိဇ္ဇာ) စာပေ တတိယဆုရ မောင်နွယ်သန်း (ပြန်/ဆက်) တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းက စာပေဗိမာန်စာမူဆုရရှိကြသည့် **"ထိပ်ဆုံးသို့ အမြန်ရောက်ဖို့ စိုက်ပျိုးရေးနှင့် လှမ်းတက်စို့"** စာမူဖြင့် သုတပဒေသာ (သိပ္ပံ) စာပေ ပထမဆုရ အောင်စိုး (စိုက်ပျိုးရေး ၁၀၇)၊ **"ဝန်းကျင်သဘာဝနှင့် ရောဂါဗေဒ"** စာမူဖြင့် သုတပဒေသာ (သိပ္ပံ) စာပေ ဒုတိယဆုရ ဒေါက်တာမြင့်သန်း (ညောင်လေးပင်)နှင့် **"အာဟာရနှင့် ကျန်းမာရေး"** စာမူဖြင့် သုတပဒေသာ (သိပ္ပံ) စာပေတတိယဆုရ ဒေါက်တာ အေးကျော်(ဇီဝကမ္မဗေဒ)တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်က စာပေဗိမာန်စာမူဆု ရရှိကြသည့် **"မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုနှင့် ရုပ်ရှင်အနုပညာရှင်များ"** စာမူဖြင့် စာပဒေသာ ဒုတိယဆုရ ကေမြူ၊ **"မထေရ်သာသနာ ပြည်မြန်မာ"** စာမူဖြင့် စာပဒေသာ တတိယဆုရ ဦးသောင်းငွေနှင့် **"မြူမှောင်ကင်း၍ လမင်းသာ"** စာမူဖြင့် ပြဇာတ်စာပေ ဒုတိယဆုရ မောင်ဆန္ဒ(လယ်ဝေး) တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေက စာပေဗိမာန်စာမူဆုရရှိကြသည့် **"လီဆူးလူမျိုးတို့၏ ဘဝလေ့"** စာမူဖြင့် မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေ ပထမဆုရ မြတ်ဝေတိုး(ပညာရေးတက္ကသိုလ်)၊ **"မြန်မာ့ရိုးရာဖက်ဝန်းလှီးပညာ"** စာမူဖြင့် မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေ ဒုတိယဆုရ ထန်လှိုင်နှင့် **"မြန်မာ့သဘင်စွယ်စုံသစ်စေသည့် ပြည်တော်ချစ်အနုပညာရှင်များ"** စာမူဖြင့် မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ စာပေ တတိယဆုရ တင်အောင်သွင်တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက စာပေဗိမာန်စာမူဆုရရှိကြသည့် **"ရွှေနိုင်ငံ၏ ရင်သွေးရတနာအလိမ္မာ ဇာတိမာန် ကဗျာများ"** စာမူဖြင့် ကလေးစာပေ ပထမဆုရ အောင်ကျော်ဆန်း၊ **"အမေ့ကျေးဇူးနှင့် အခြားကလေးဝတ္ထုတိုများ"** စာမူဖြင့် ကလေးစာပေ ဒုတိယဆုရ မြတ်မျိုးမြင့်နှင့် **"မောင်ရုပ်ဆိုးကို ချစ်ကြသည်နှင့် အခြားဝတ္ထုတိုများ"** စာမူဖြင့် ကလေးစာပေ တတိယဆုရ ရေနံ့သာ မောင်ကျော်ညွန့်တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းက စာပေဗိမာန်စာမူဆုရရှိ ကြသည့် **"ကုသိုလ်အရောင်ဆိုးပေးပါ"** စာမူဖြင့် လူငယ်စာပေ ပထမဆုရကျွန်းစဉ်မြေစောခက်၊ **"ဆူးခင်းလမ်းမှာ သဲနင်းလှမ်းခဲ့ရတဲ့ ရလဒ်"** စာမူဖြင့် လူငယ်စာပေ ဒုတိယဆုရ မြို့မလှမောင်နှင့် **"ဖိုးချွန်"** စာမူဖြင့် လူငယ်စာပေ တတိယဆုရ မောင်ဆန္ဒ(လယ်ဝေး) တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် စာပေဆု ရရှိကြသူများကိုယ်စား ၂၀၀၆ ခုနှစ် အမျိုးသားစာပေ တစ်သက်တာဆုရ စာရေးဆရာမကြီး ဒေါ်ကြန်(မကြန်)က ကျေးဇူးတင်စကား ပြောကြားပြီး ဆုနှင်းသဘင် အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိဟသူရ တင်အောင်မြင့်ဦးနှင့် အဖွဲ့ဝင်များသည် အမျိုးသားစာပေ တစ်သက်တာဆုရ ဒေါ်ကြန် (စာရေးဆရာမကြီး မကြန်)နှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ၂၀၀၆ ခုနှစ်အတွက် အမျိုးသားစာပေဆု ရရှိကြသူများနှင့်လည်းကောင်း၊ စာပေဗိမာန်စာမူဆုရရှိကြသူများနှင့်လည်းကောင်း မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

မှတ်တမ်းတင်ဓာတ်ပုံ ရိုက်အပြီးတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ဆုရရှိကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)သည် စာပေဆုချီးမြှင့်ပွဲ အခမ်းအနား၌ ခင်းကျင်းပြသထားသော အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုရ စာအုပ်စာစောင်များ၊ ၂၀၀၆ ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆုနှင့် အမျိုးသားစာပေဆု၊ စာပေဗိမာန်စာမူဆုရ စာပေပညာရှင်များ၏ ဆုရစာအုပ်များနှင့် မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုအားပေးသည်။

(သတင်းစဉ်)

ရွှေ့နေ ချုပ် ဦး အေး မောင် ၂၀၀၆ ခုနှစ်အတွက် စာပေဗိမာန် စာမူဆု ကဗျာပေါင်းချုပ် ဒုတိယဆုရ မောင် အုန်းသောင်း(မကွေး) အား ဆုပေးအပ် ချီးမြှင့်စဉ်။

(သတင်းစဉ်)

ရှမ်းပြည်နယ်(မြောက်ပိုင်း) နယ်စပ်ဒေသ အိမ်တွင်းမှုသင်တန်းကျောင်းများ သင်တန်းဖွင့်ပွဲ ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၃

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း၏ အခြေခံအိမ်တွင်းမှု သင်တန်းအမှတ်စဉ်(၄၇)၊ အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ်(၉)၊ အိမ်တွင်းမှုလက်မှုသင်တန်း (ကြိမ်/ဝါး) အမှတ်စဉ်(၃) သင်တန်းဖွင့်ပွဲကို ဒီဇင်ဘာ ၁၇ ရက်တွင် သင်တန်းကျောင်းခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း) ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ် တက်ရောက် အမှာစကားပြောကြားသည်။

တက်ရောက်

သင်တန်းဖွင့်ပွဲသို့ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များနှင့် လူမှုရေးအသင်းအဖွဲ့တို့မှ ဖိတ်ကြားထားသူများတက်ရောက်ကြပြီး သင်တန်းအသီးသီးသို့ သင်တန်းသူ ၄၃ ဦး တက်ရောက်သည်။

အလားတူ ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်၊ ကချင်ပြည်နယ် ပူတာအို၊ ဗန်းမော်နှင့် ဒေါ့ဖုန်းယန်မြို့နယ်၊ ဖားကန့်မြို့နယ်ဒွန်ဘန်ကျေးရွာ၊ ချင်းပြည်နယ် ဟားခါး၊ဖလမ်း၊တီးတိန်၊ မင်းတပ်၊ မတူပီနှင့် ကန်ပက်လက်မြို့များရှိ အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းများ၏ သင်တန်းဖွင့်ပွဲများကိုလည်း အသီးသီး ကျင်းပခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင် ရွေးချယ်တင်မြှောက်ပွဲနှင့် နှစ်ပတ်လည် အစည်းအဝေးကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၂၃

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၏ ၂၀၀၈–၂၀၁၀ စတုတ္ထသက်တမ်းအတွက် ဗဟိုအလုပ်အမှုဆောင် ရွေးချယ်တင်မြှောက်ပွဲကို ဒီဇင်ဘာ ၂၆ ရက် မွန်းလွဲ ၁ နာရီတွင် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် ဘုရင့်နောင်လမ်းနှင့် ဆေးဝါးစက်ရုံ လမ်းထောင့် အနောက်ကြို့ကုန်း အင်းစိန်မြို့နယ်တွင် ကျင်းပမည်ဖြစ်သဖြင့် ဗဟိုအလုပ်အမှုဆောင်အဖြစ် ပါဝင်အရွေးချယ်ခံရန် အမည်စာရင်း တင်သွင်းထားသူများနှင့် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် အသင်းဝင်များအနေဖြင့် တက်ရောက် မဲပေးရွေးချယ်နိုင်ကြသည်။

ရွေးချယ်တင်မြှောက်ပွဲတွင် မဲပေးနိုင်ရန်အတွက် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် အသင်းဝင်များအားလုံး မိမိတို့၏ အသင်းဝင်ကတ်ပြား (သို့မဟုတ်) နိုင်ငံသားစိစစ်ရေးကတ်ပြားတို့ကိုတစ်ပါတည်းယူဆောင်လာရန်ဖြစ်သည်။

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၏ နဝမအကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို ဒီဇင်ဘာ ၃၀ ရက်နေ့တွင် ကျင်းပမည်ဖြစ်သဖြင့် အသင်းဝင်များအားလုံး အစည်းအဝေးသို့ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် မေးမြန်းချက်နှင့် အကြံပြုချက်များရှိပါက ဒီဇင်ဘာ ၂၈ ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ မြန်မာနိုင်ငံ ငါး လုပ်ငန်းအဖွဲ့ချုပ်နှင့် ဆက်သွယ်မေးမြန်း အကြံပြုနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်နယ်နှင့်တိုင်း ကြက်တောင်ရိုက်ပြိုင်ပွဲဖွင့်

ရန်ကုန် ဒီဇင်ဘာ ၂၃

၂၀၀၇ ခုနှစ် (၃၉)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ကြက်တောင်ရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကိုယနေ့နံနက် ၉ နာရီက အနော်ရထာလမ်းရှိ အမျိုးသား ကြက်တောင်အားကစားခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီးကိုယ်စား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက် တက်ရောက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ဆက်လက် ၍ ညွှန်ကြားရေးမှူးချုပ် ဦးသောင်း ထိုက်၊ မြန်မာနိုင်ငံ ကြက်တောင် အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမောင်မောင်ဆွေ (ဂရိတ်ဝေါ ဆေးဝါးနှင့် ဆောက်လုပ်ရေးလုပ်ငန်း) တို့က ပြိုင်ပွဲဝင်အသင်းများအား လိုက်လံနှုတ်ဆက်ကြသည်။ ထို့နောက် ပြိုင်ပွဲဝင် အားကစားသမားများက အားကစားသစ္စာ အဓိဋ္ဌာန်ရွတ်ဆိုကြပြီး ပထမနေ့ ပွဲစဉ်များကို ဆက်လက်ကျင်းပသည်။

၁၃သင်းယှဉ်ပြိုင်

ပြိုင်ပွဲကို ဒီဇင်ဘာ ၂၇ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲအမျိုးအစား ၁၆မျိုး ထည့်သွင်းကျင်းပလျက်ရှိကာ အသင်း ၁၃ သင်း ဝင်ရောက်ယှဉ်ပြိုင်နေကြောင်း သိရသည်။ (ကြေးမုံ)

ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘောပြိုင်ပွဲ နယ်စပ်/ စည်ပင်အသင်း ဗိုလ်လုပွဲ တက်

နေပြည်တော် ဒီဇင်ဘာ ၂၃

၂၀၀၇ခုနှစ် ပထမအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ အမျိုးသား ဘော်လီဘောပြိုင်ပွဲ ပထမအကြို ဗိုလ်လုပွဲကို ယနေ့နံနက် ၇ နာရီတွင် နေပြည်တော်ရှိ ဘော်လီဘောပြိုင်ကွင်း ကွင်းအမှတ်(၄)၌ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာနအသင်းနှင့် အမှတ်(၁) စက်မှုဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကြရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအသင်းက သုံးပွဲပြတ်ဖြင့် အနိုင်ရရှိသွားပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

ဒုတိယ အကြိုဗိုလ်လုပွဲအဖြစ် ပြည်ထဲရေးဝန်ကြီးဌာန အသင်းနှင့် အားကစားဝန်ကြီးဌာန အသင်းတို့သည် ဒီဇင်ဘာ ၂၄ ရက် နံနက် ၇ နာရီတွင် အဆိုပါ ဘော်လီဘောပြိုင်ကွင်း၌ ဆက်လက်ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ်စံရာအောင်မြေကျောင်းတိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တ သေဋ္ဌိလာဘိဝံသ(အဂ္ဂမဟာပဏ္ဍိတ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်)၏ သက်တော်(၇၈)နှစ်ပြည့် ဝိဇာတ မွေးနေ့အထိမ်းအမှတ်ကုသိုလ်အဖြစ် မဟာစည်နာယက ပဲခူးယ်ကုန်းဆရာတော် ဘဒ္ဒန္တစန္ဒာဝရ (မဟာကမ္မဋ္ဌာနာစရိယ)အား စံရာအောင်မြေကျောင်းတိုက် ပေးအပ်လှူဒါန်းပွဲ အလှူတော်မင်္ဂလာကို ဒီဇင်ဘာ၂၂ရက်က ကျင်းပစဉ်။

(သတင်းစဉ်)

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း နှစ်ပတ်လည် အသင်းသားစုံညီ ညီလာခံကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၃

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း၏ နှစ်ပတ်လည် အသင်းသားစုံညီ ညီလာခံကို ယနေ့နံနက် ၉ နာရီတွင် တက္ကသိုလ်များ (လှိုင်နယ်မြေ)ရှိ အသင်းအဆောက်အအုံ အစည်းအဝေးခန်းမ၌ ကျင်းပရာ သဘာပတိ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းနာယက အမှတ်(၂)စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီး ခင်မောင်ကျော် တက်ရောက်အမှာစကား ပြောကြားသည်။

အစီအစဉ်အရ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းဥက္ကဋ္ဌ ဦးသန်းမြင့်က အမှာစကားဆက်လက်ပြောကြားပြီး အသင်းအထွေထွေအတွင်းရေးမှူး ဦးဝင်းခိုင်က ဗဟိုအလုပ်အမှုဆောင်ကော်မတီ၏ အစီရင်ခံစာကို တင်သွင်းသည်။

ထို့နောက် ဘဏ္ဍာရေးမှူး ဦးကိုကိုကြီးက ဘဏ္ဍာရေးအစီရင်ခံစာနှင့် ငွေစာရင်း ရှင်းတမ်းကိုလည်းကောင်း၊ ဒုတိယဥက္ကဋ္ဌ ဦးကျော်စန်ဝင်းက သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်းပြင်ဆင်ချက်များကိုလည်းကောင်း ဖတ်ကြားတင်သွင်းကာ အသင်းဝင်များ၏ အတည်ပြုချက်ကို ရယူသည်။

ဆက်လက်၍ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းဥက္ကဋ္ဌ ဦးသန်းမြင့်က ကျေးဇူးတင်စကားပြောကြားပြီး သဘာပတိက နိဂုံးချုပ်စကားပြောကြားကာ နှစ်ပတ်လည်အသင်းသားစုံညီ ညီလာခံကို အောင်မြင်စွာ ရုပ်သိမ်းခဲ့သည်။

နှစ်ပတ်လည် အသင်းသားစုံညီ ညီလာခံကို ဂုဏ်ပြုလျက် နည်းပညာဆိုင်ရာ ပြပွဲနှင့် စာတမ်းဖတ်ပွဲများကို အသင်းအဆောက်အအုံတွင် ဒီဇင်ဘာ ၂၁ရက်မှ ယနေ့အထိ ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြည်နယ်နှင့်တိုင်း ဘော်လီဘောပြိုင်ပွဲ အကြိုဗိုလ်လုပွဲများ ယှဉ်ပြိုင်ကစား

ရန်ကုန် ဒီဇင်ဘာ ၂၃

၂၀၀၇ ခုနှစ် (၃၇)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ အကြိုဗိုလ်လုပွဲ ပွဲစဉ်များကို ယနေ့နံနက် ၈ နာရီမှစ၍ အောင်ဆန်းအားကစားပြိုင်ကွင်း မိုးလုံလေလုံခန်းမတွင် ကျင်းပရာ လက်ရှိချန်ပီယံ ရှမ်းပြည်နယ်(တောင်ပိုင်း) အမျိုးသားအသင်းနှင့် ရန်ကုန်တိုင်း အမျိုးသမီးအသင်းတို့ နောက်ဆုံးဗိုလ်လုပွဲသို့ တက်ရောက်သွားခဲ့သည်။

အမျိုးသမီး အကြိုဗိုလ်လုပွဲတွင် မကွေးတိုင်းက မန္တလေးတိုင်းကို (၂၅–၁၈၊၂၅–၁၄၊၂၉–၃၁၊၂၁–၂၅၊၁၈–၁၆မှတ်) သုံးပွဲ–နှစ်ပွဲဖြင့် လည်းကောင်း၊ လက်ရှိချန်ပီယံ ရန်ကုန်တိုင်းက မွန်ပြည်နယ်ကို (၂၅–၁၀၊ ၂၅–၅၊ ၂၅–၁၂ မှတ်) သုံးပွဲ–ပွဲမရှိဖြင့် လည်းကောင်း အနိုင်ရရှိသွားကြသည်။ အမျိုးသား အကြိုဗိုလ်လုပွဲတွင် ရန်ကုန်တိုင်းက စစ်ကိုင်းတိုင်းကို (၂၅–၁၅၊ ၂၅–၁၄၊ ၂၅–၁၃ မှတ်) သုံးပွဲ–ပွဲမရှိဖြင့်လည်းကောင်း၊ လက်ရှိချန်ပီယံ ရှမ်းပြည်နယ်(တောင်ပိုင်း) က ပဲခူးတိုင်းကို (၂၅–၁၄၊ ၂၇–၂၅၊ ၂၅–၁၉မှတ်) သုံးပွဲ–ပွဲမရှိဖြင့်လည်းကောင်း အနိုင်ရရှိကာ ဗိုလ်လုပွဲသို့ တက်ရောက်သွားကြသည်။

အမျိုးသမီးဗိုလ်လုပွဲအဖြစ် ရန်ကုန်တိုင်းနှင့် မကွေးတိုင်း၊ အမျိုးသား ဗိုလ်လုပွဲအဖြစ် ရန်ကုန်တိုင်းနှင့် ရှမ်းပြည်နယ် (တောင်ပိုင်း)တို့သည် ဒီဇင်ဘာ ၂၄ ရက်တွင် ဆက်လက်ယှဉ်ပြိုင် ကစားကြမည်ဖြစ်သည်။

(ကြေးမုံ)

အမျိုးသား အကြိုဗိုလ်လုပွဲတွင် ပဲခူးတိုင်း၏ ရိုက်ချက်ကို ရှမ်းပြည်နယ်(တောင်ပိုင်း) အသင်း ပိတ်ဆို့ကာကွယ်စဉ်။

(ကြေးမုံ)

✱ ကျောဖုံးမှ

ဘာသာရေး၊ သုတ၊ ရသစာအုပ်မျိုးစုံ ၃၀၀၀ကျော်နှင့် နေ့စဉ်ထုတ်သတင်းစာ၊ မဂ္ဂဇင်း၊ ဂျာနယ်မျိုးစုံထားရှိသည်။

ဆက်လက်၍ သံဃာ့ဂုဏ်ရည် သုံးထပ်ကျောင်းဆောင်အတွက် ပထမအကြိမ် အလှူတော်ငွေပေးအပ်ပွဲကို ဝဏ္ဏဂုဏ်ရည်ကျောင်းတော်ကြီး၌ ကျင်းပရာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်သည်။

ယင်းနောက် နိုင်ငံတော် ဩဝါဒါစရိယ ဗဟန်းမြို့နယ်ညောင်တုန်းကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ သောဘဏထံမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေအမှူးပြုသော ဧည့်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။ ထို့နောက် ညောင်တုန်းကျောင်းတိုက်ဆရာတော် အမှူးပြုသော ဆရာတော် သံဃာတော်တို့အား ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူးနှင့် ဧည့်ပရိသတ်တို့က လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက်အလှူရှင် ဦးဝင်းဆွေ–ဒေါ်မင်းသွယ်နု၊ သား ရုပ်ရှင်ဗီဒီယိုသရုပ်ဆောင် ခန့်စည်သူတို့က ငွေကျပ်သိန်း၅၀နှင့် “လောကအလှ”စာကြည့်တိုက်အတွက် မတည်အလှူငွေကျပ် ၁၀သိန်း၊ ဦးမာဒင်–ဒေါ်ကြော့မိသားစုက ငွေကျပ်သိန်း၂၀၊ ဦးအောင်ငြိမ်း–ဒေါ်ခင်သန်းစိုးမိသားစုနှင့် မျက်ခြယ်ရုပ်ရှင်နှင့် ဗီဒီယိုထုတ်လုပ်ရေးတို့က ငွေကျပ် ၁၅သိန်းစီ၊ ကွယ်လွန်သူ မိဘများဖြစ်ကြသော ဦးမောင်မောင်ကြီး–ဒေါ်မြမြတို့အားရည်စူး၍ ဦးခင်မောင်စန်း–ဒေါ်မူမူအေးမိသားစုနှင့် ဦးသောင်း–ဒေါ်ထွေးစိန်၊ မောင်မျိုးသန့်တို့အားရည်စူး၍ ဒေါ်ခင်ငြိမ်း၊ ဒေါ်လှဲ့လှဲ့ခိုင်၊ မောင်စိုးလင်း မောင်နှမတစ်စုတို့က ငွေကျပ် ၁၀သိန်းစီ၊ ဒေါက်တာ စိုင်းစံထွန်း– ဒေါ်ဂျူလီ(လွယ်ဟိန်းကုမ္ပဏီ)၊ ကျေးဇူးရှင်မိဘနှစ်ပါးနှင့် ခင်ပွန်းတို့အားရည်စူး၍ ဒေါ်ဝင်းဝင်းမိသားစု၊ ဦးသန်းအေး–ဒေါ်ခင်သန်းအေးမိသားစု၊ ဒေါက်တာဦးကျော်မြင့်–ဒေါ်အေးမြင့်ကြည်မိသားစု၊ မိခင်ကြီး ဒေါ်ခင်ညွှန့်အားအမှူးထား၍ ဒေါ်ခင်ခင်ဝင်း၊ ဒေါ်ခင်ခင်အေးနှင့် ဗိုလ်မှူးဖြူဝင်း–ဒေါ်အေးအေးစိုးမိသားစုတို့က ငွေကျပ်ငါးသိန်းစီ၊ ကွယ်လွန်သူ ဖခင်ဦးချုံခိုက်(ခ) ဦးခိုက်ရာနှင့် မိခင်ဒေါ်ရှုတင်တို့အားရည်စူး၍ သားသမီးမြေးတစ်စု၊ ဦးအောင်ဆု–ဒေါ်ခင်ဆွေဦးတို့အားအမှူးထား၍ သားသမီးမြေးတစ်စု၊ ဦးညွှန့်စိုး–ဒေါ်နှင်းမြတ်ဝင်း (ရွှေကောင်းကင် ဗီဒီယိုရိုက်ကူးရေး)၊ ဦးဖောင်၊ ဦးခွေးနှင့် သားသမီးမြေးတစ်စု၊ ကွယ်လွန်သူ ဦးရွှေမြအားရည်စူး၍ ဒေါ်စံသာနုမိသားစုနှင့် အင်းစိန် စောင်စက်ရုံအမှတ်(၂၀)မှ ဒေါ်ခင်ဝင်းကြည်နှင့် အဖွဲ့တို့က ငွေကျပ်သုံးသိန်းစီအပါအဝင် အလှူရှင်အသီးသီးက အလှူငွေစုစုပေါင်း ငွေကျပ် ၃၅၀၀၀၀၀၀တို့ကိုပေးအပ်လှူဒါန်းကြရာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းနှင့် တာဝန်ရှိသူများက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကြသည်။

ဆက်လက်၍ ရုပ်ရှင်သက်ကြီးပူဇော်ပွဲအတွက် ရုပ်ရှင်ဗီဒီယိုသရုပ်ဆောင် ခန့်စည်သူက ငွေကျပ်သုံးသိန်းကိုပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးမြင့်သိန်းဖေက လက်ခံသည်။

ယင်းနောက် ဆင်ဖြူတောင်ဆရာတော်ဘဒ္ဒန္တဂုဏ်န္တထံမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေအမှူးပြုသောဧည့်ပရိသတ်များက အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြကာ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

မင်္ဂလာတောင်ညွန့် မြို့နယ်ရှိ လူမှုဝန်ထမ်းဦးစီးဌာန ကန်ရိပ်သာမူလတန်းကြိုကျောင်း၏ ကာယစွမ်းရည် ပြိုင်ပွဲကို ဒီဇင်ဘာ ၁၃ ရက်က ကျောင်းဝင်းအတွင်း ပြုလုပ်ရာ အပြေးပြိုင်ပွဲ ဆုရရှိသူ သားငယ်ရဲမာန်ဟိန်းအား ရန်ကုန်တိုင်း လူမှုဝန်ထမ်းရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးတင့်လွင်ဦး ဆုချီးမြှင့်စဉ်။ (၃၂)

ဗိုလ်ချုပ်သာအေး ကရင်ပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး ဌာနဆိုင်ရာများက မျိုးချစ်စိတ်အပြည့်ဖြင့် နိုင်ငံတော်၏မူဝါဒကို စေတနာထား အကောင်အထည်ဖော်ရန်မှာကြား

နေပြည်တော် ဒီဇင်ဘာ ၂၃

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေးသည် အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း၊ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဒီဇင်ဘာ ၂၀ရက် နံနက် ၁၀နာရီခွဲတွင် မြဝတီမြို့သို့ရောက်ရှိသည်။

ထို့နောက် ဗိုလ်ချုပ်သာအေးသည် မြဝတီခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမ၌ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်တွေ့ဆုံရာ ခရိုင်ဥက္ကဋ္ဌကမြဝတီခရိုင်၏ အုပ်ချုပ်ရေး၊ လူမှုရေး၊ စီးပွားရေး အဓိကသီးနှံ ၁၀မျိုး စိုက်ပျိုးထားရှိမှုနှင့် ဒေသဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ဥက္ကဋ္ဌက ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်နေမှုနှင့် နယ်စပ်ကုန်သွယ်ရေး အခြေအနေများကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဗိုလ်ချုပ်သာအေးက မြဝတီမြို့သည် နယ်စပ်မြို့တစ်မြို့ဖြစ်၍ ဌာနဆိုင်ရာများမှ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်အပြည့်အဝဖြင့် နိုင်ငံတော်၏ မူဝါဒကိုအလေးအနက်ထားပြီး ရိုးသားစွာဖြင့် စေတနာထားအကောင်အထည်ဖော်ကြရန်၊ လုပ်ငန်းများကို အမြင် (၄)မြင်ဖြင့် ဆောင်ရွက်ကြရန် တို့ကို မှာကြားသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်သာအေးနှင့် အဖွဲ့ဝင်များသည် မြဝတီမြို့ မြန်မာ–ထိုင်း ချစ်ကြည်ရေးတံတား (မြန်မာဘက်ကမ်း)တွင် နေ့ချင်းပြန်တံတားဝင်ထွက်ခွင့်လက်မှတ် ထုတ်ပေးနေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးကြကာ မြဝတီမြို့တွင်း ဖွံ့ဖြိုးတိုးတက်မှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ဗိုလ်ချုပ်သာအေးနှင့် အဖွဲ့ဝင်များအား မြဝတီမြို့ နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန ကုန်ချကွင်းတွင် မြဝတီခရိုင် နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်စိုးသိန်းက နယ်စပ်ကုန်သွယ်ရေး ပုံမှန်ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဗိုလ်ချုပ်သာအေးနှင့် အဖွဲ့ဝင်များသည် နယ်စပ်ကုန်သွယ်ရေးဇုန် တည်ဆောက်ရေးစီမံကိန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးကြရာ ညွှန်ကြားရေးမှူး ဦးအောင်စိုးသိန်းနှင့် တာဝန်ရှိသူများက စီမံကိန်းနှင့်ပတ်သက်၍ အဆောက်အအုံများ၊ လမ်းများ တည်ဆောက်ထားရှိမှု အခြေအနေ၊ ကုန်သွယ်ရေးဇုန်အတွင်း သောက်သုံးရေနှင့်လျှပ်စစ်မီးရရှိရေး ဆောင်ရွက်ထားရှိမှု အခြေအနေတို့ကိုရှင်းလင်းတင်ပြကြပြီး ဗိုလ်ချုပ်သာအေးက လိုအပ်သည်များကို မှာကြားကာ စီမံကိန်းအတွင်း စက်ယန္တရားကြီးများဖြင့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေတို့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်သာအေးသည် တိုင်းမှူးနှင့်အဖွဲ့ဝင်များနှင့်အတူ သင်္ကန်းညီနောင် နယ်မြေခံတပ်နယ်ခန်းမသို့ ရောက်ရှိပြီး တပ်နယ်တပ်ရင်း တပ်ဖွဲ့မှူးများ၊ အရာရှိ၊ စစ်သည်မိသားစုဝင်များအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကိုမှာကြားကာ ဗိုလ်ချုပ်သာအေးနှင့် တိုင်းမှူးတို့က မိသားစုဝင်များအား လက်ဆောင်ပစ္စည်းများပေးအပ်ကြသည်။

ယင်းနောက် ဗိုလ်ချုပ်သာအေးနှင့် အဖွဲ့ဝင်များသည် သင်္ကန်းညီနောင်မြို့မှ ဆက်လက်ထွက်ခွာကြပြီး ကော့ကရိတ်မြို့ပြည်သူ့ဆေးရုံသို့ရောက်ရှိရာ ဆေးရုံအုပ်ကြီး ဒေါက်တာခင်မောင်နှင့် တာဝန်ရှိသူများက ဆေးရုံအတွင်း လိုက်လံရှင်းလင်း ပြသကြသည်။ ထို့နောက် ဗိုလ်ချုပ်သာအေးက ဆေးရုံတက်ရောက်ကုသနေသော လူနာများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက် အားပေးစကားပြောကြားပြီး ထောက်ပံ့ငွေများကို ပေးအပ်သည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်သာအေးသည် ကော့ကရိတ်တပ်နယ်ခန်းမသို့ ရောက်ရှိပြီး တပ်နယ်အရာရှိ၊ စစ်သည်မိသားစုဝင်များအား တွေ့ဆုံအမှာစကား ပြောကြားကာ အဝတ်အထည်များကို ပေးအပ်လှူဒါန်း၍ မိသားစုဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် ဗိုလ်ချုပ်သာအေးနှင့် အဖွဲ့ဝင်များသည် ကျုံဒိုး–ကော့ကရိတ် လမ်းပိုင်းအတွင်း ယိုယွင်းပျက်စီးနေသောလမ်း ပြင်ဆင်နေမှုများကို ကြည့်ရှုစစ်ဆေးကြပြီး ဗိုလ်ချုပ်သာအေးက တာဝန်ရှိသူများအား လိုအပ်သည်များကိုမှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတကာ ဘောလုံးပွဲ

အဲဗာတန်အသင်းကို မန်ယူအနိုင်ရ

ရန်ကုန် ဒီဇင်ဘာ ၂၃

ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲကို ယနေ့ဆက်လက်ကျင်းပသည်။

လန်ဒန်ရှိ အိုးလ်ထရက်ဖို့ဒ်ကွင်း၌ မန်ချက်စတာယူနိုက်တက်အသင်းနှင့် အဲဗာတန်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မန်ချက်စတာယူနိုက်တက်အသင်းက နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိသည်။

ပထမပိုင်းတွင် တစ်ဖက်တစ်ဂိုးစီဖြင့် သရေကျနေခဲ့ကြပြီးနောက် ပွဲပြီးရန်နှစ်မိနစ်အလိုတွင်စီရော်နယ်လ်ဒို၏ ပယ်နယ်တီဂိုးဖြင့်မန်ချက်စတာယူနိုက်တက်အသင်း အနိုင်ရရှိခြင်းဖြစ်သည်။

မန်ချက်စတာယူနိုက်တက်အသင်းအတွက် အစောပိုင်းဂိုးတစ်ဂိုးကို ပွဲချိန် ၂၂မိနစ်တွင် ပေါ်တူဂီဘောလုံးသမား စီရော်နယ်လ်ဒိုကပင် သွင်းယူပေးခဲ့သည်။

ပွဲချိန် ၂၇မိနစ်တွင် အဲဗာတန်အသင်းမှ တင်ကာဟီးလ်က သွင်းယူခဲ့သည်။ ***အင်တာနက်။***

ဒီဇင်ဘာ ၂၃ ရက်က အိုးလ်ထရက်ဖို့ဒ်ကွင်း၌ ကျင်းပသော ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲတွင် မန်ချက်စတာယူနိုက်တက်အသင်းမှ တီးဗက်ဇ်က ဂိုးသွင်းရန် ကြိုးပမ်းမှုကို အဲဗာတန်အသင်းမှ နောက်တန်းလူများက ဖျက်ထုတ်စဉ်။

(ဓာတ်ပုံ–အင်တာနက်)

ကမ္ဘာ့အကောင်းဆုံးဘောလုံးသမား ကာကာထက် စီရော်နယ်လ်ဒို ပိုမိုထူးချွန်ဟုဆို

လန်ဒန် ဒီဇင်ဘာ ၂၃

မန်ချက်စတာယူနိုက်တက်အသင်း၏ ပေါ်တူဂီလူမျိုး တောင်ပံဘောလုံးသမား စီရော်နယ်လ်ဒိုသည် ယခုနှစ်အတွက် ဖီဖာ၏ ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားအဖြစ် လွန်ခဲ့သည့် ရက်သတ္တပတ်ကရွေးချယ်ခံခဲ့ရသူ ကာကာထက်ပင် ပိုမိုထူးချွန်သည့် ဘောလုံးသမားဖြစ်ကြောင်း ယင်းအသင်း၏ လက်ထောက်နည်းပြ ကားလို့စ်ကွီရော့ဇ်က ယနေ့ပြောကြားသည်။

အသက် ၂၂ နှစ်ရှိ စီရော်နယ်လ်ဒိုသည် ယခုနှစ်အတွက် ဖီဖာ၏ ကမ္ဘာ့အကောင်းဆုံးဘောလုံးသမားများစာရင်းတွင် တတိယနေရာကိုသာ ရရှိသူဖြစ်သည်။

မိမိ၏ ဘောလုံးသမားဘဝတွင် ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားများကို အနီးကပ်လေ့လာခွင့်ရရှိခဲ့ကြောင်း၊ စီရော်နယ်လ်ဒိုကဲ့သို့သော ဘောလုံးဖန်တီးရှင်မျိုး မိမိမတွေ့ဖူးကြောင်း ကွီရော့ဇ်က ပြောကြားသည်။

ကာကာသည် ကမ္ဘာ့အကောင်းဆုံးဘောလုံးသမားဆုအတွက် ရွေးချယ်ခံရသည့်တိုင် စီရော်နယ်လ်ဒိုက ပိုမိုအရည်အချင်းရှိသည်ဟု မိမိထင်မြင်မိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အင်တာနက်

မန်ချက်စတာယူနိုက်တက်အသင်းမှ စီရော်နယ်လ်ဒို။

(ဓာတ်ပုံ–အင်တာနက်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၄–၁၂–၂၀၀၇ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ
၈း၁၅	၁၁။	အပိတ်နှုတ်ဆက်စကား
၈း၁၆	၁၂။	ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၅	၃။	အမျိုးသားရေးတေးကဗျာ
၄း၂၀	၄။	ချိုမြလက်သံငြိမ့်ညောင်းဟန်
၄း၃၅	၅။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၅၀	၆။	မျိုးချစ်တပ်မတော်
၅း၀၀	၇။	ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅း၂၀	၈။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၅း၃၀	၉။	ဗီစီဒီကျော်ကြားတေးများ
၅း၄၀	၁၀။	သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၂။	နိုင်ငံတကာသတင်း
၆း၂၀	၁၃။	အမျိုးသားရေးတေးကဗျာ
၆း၃၅	၁၄။	လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀	၁၅။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း –ဒီလှိုင်းနှင့်အတူ (အပိုင်း–၂)**
၈း၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	မိုးလေဝသသတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	မေးမြန်းစူးစမ်း
	၂၀။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၁။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း – နီလာလက်ကောက် (အပိုင်း–၂၂)**
	၂၂။	သင့်အတွက်မနက်ဖြန်
	၂၃။	အပိတ်နှုတ်ဆက်စကား
	၂၄။	ပြီးပါပြီ။

လူငယ်ချင်းစကားများရာမှ လူသတ်မှုဖြစ်ပွား

ရန်ကုန် ဒီဇင်ဘာ ၂၃

မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကလေး(မြောက်ပိုင်း)ရပ်ကွက် အထက်မန္တလေးလမ်းထိပ်၌ ဒီဇင်ဘာ ၂၂ရက် နံနက်၂နာရီခွဲခန့်က ကန်တော်ကလေး(အရှေ့ပိုင်း) ရပ်ကွက် ဒေါ်သိန်းတင်လမ်းနေ မင်းကိုကို(၁၉)နှစ် (ဘ) ဦးအံ့ကူနှင့် ကန်တော်ကလေး(မြောက်ပိုင်း) ရပ်ကွက် အထက်မန္တလေးလမ်းသွယ်(၃)လမ်းနေ မောင်မောင်လေး(၂၉)နှစ် (ဘ) ဦးလူမောင်တို့ လူငယ်ချင်း စကားများရန်ဖြစ်ခဲ့ရာ မောင်မောင်လေးက အရိုးအသွားရှစ်လက်မခန့်ရှိ ဓားဖြင့်ထိုးသောကြောင့် မင်းကိုကိုမှာ ဝဲဘက်ရင်အုံ၌ ထိုးသွင်းဒဏ်ရာရရှိပြီးသေဆုံးခဲ့သည်။ အလောင်းကို ရန်ကုန်ပြည်သူ့ဆေးရုံကြီးက ပီအာရ် ၀၁၅ဖြင့် လက်ခံစစ်ဆေးလျက်ရှိပြီး မောင်မောင်လေးကို မင်္ဂလာတောင်ညွန့်ရဲစခန်းက (ပ) သတင်းချက်အမှတ် ၁၀၅၁/၂၀၀၇၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ (သတင်းစဉ်)

စပိန် ‘အယ်လ်ဂေါ်ဒို’ ထီဖွင့်ပွဲ ဆုကြေး ယူရို နှစ်ဘီလီယံကျော်ရှိ

မဒရစ် ဒီဇင်ဘာ ၂၃

စပိန်နိုင်ငံ၏ ‘အယ်လ်ဂေါ်ဒို’ ထီဖွင့်ပွဲတွင် ယူရို ၂ ဒသမ ၂ ဘီလီယံ (အမေရိကန်ဒေါ်လာ ၃ ဒသမ ၂ ဘီလီယံ)အထိ ဆုကြေးငွေများ ချီးမြှင့်ပေးကြောင်း ယနေ့ ရိုက်တာသတင်းတွင် ဖော်ပြသည်။

ယူရိုနှစ်ဘီလီယံကျော်အထိ

အယ်လ်ဂေါ်ဒိုထီသည် ကမ္ဘာပေါ်တွင် ဆုကြေးငွေအများဆုံး ချီးမြှင့်ပေးသည့် ထီဖြစ်သည်။ ယခုနှစ် ခရစ္စမတ်ပွဲတော်ကာလတွင် ဖွင့်လှစ်သည့်ထီမှာ ယူရို နှစ်ဘီလီယံကျော်အထိ ဆုကြေးငွေများ ထုတ်ပေးမည်ဖြစ်သည်။

ယခုနှစ်တွင် ချီးမြှင့်ပေးသည့် ဆုကြေးငွေများအနက် အများဆုံးဆုငွေမှာ ယူရိုသုံးသန်းဖြစ်ပြီး ပေါက်မဲ နံပါတ် ၆၃၈၁ က ရရှိကြောင်း သိရသည်။

ခရစ္စမတ်ပွဲတော်အတွက် ဖွင့်ပေးသည့်ထီလက်မှတ်များအနက် အများဆုံး ဆုကြေးငွေများရရှိသူများမှာ နိုင်ငံ အနောက်မြောက်ပိုင်း ဩစတာရီးယပ်စ် ဒေသရှိ နာဗာမြို့မှဖြစ်သည်။

စပိန်နိုင်ငံတွင် ယခုနှစ်အတွင်း ထီလက်မှတ် ယူရို ၂ ဒသမ ၈၇ ဘီလီယံဖိုး ရောင်းချခဲ့ရပြီး ယင်းမှာ လွန်ခဲ့သည့်နှစ်ကထက် ၅ ဒသမ ၇ ရာခိုင်နှုန်း ပိုမိုများပြားသည်။

အမ်အင်အေ၊ရိုက်တာ။

ဒီဇင်ဘာ ၂၂ ရက်က စပိန်ထီဖွင့်ပွဲတွင် ထီပေါက်သူတစ်ဦးနှင့် မိသားစုဝင်များ အောင်ပွဲခံနေစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ဒီဇင်ဘာ ၂၂ ရက်က တာဂျီကစ္စတန်နိုင်ငံ ဒူရှန်ဘေ မြောက်ဘက်တွင် ဆီးနှင်းတောင်ပြိုကျမှု ဖြစ်ပွားပြီးနောက် ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်စဉ်။
(ဓာတ်ပုံ-အင်တာနက်)

လာမည့်နှစ်တွင် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းဝင်ငွေ ဒေါ်လာ ခြောက်ဘီလီယံကျော်ရရှိရန် အင်ဒိုနီးရှားမျှော်မှန်း

ဂျကာတာ ဒီဇင်ဘာ ၂၃

လာမည့်နှစ်တွင် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းမှ ဝင်ငွေ အမေရိကန်ဒေါ်လာ ၆ဒသမ ၄ဘီလီယံအထိရရှိရန် အင်ဒိုနီးရှားအစိုးရအဖွဲ့က မျှော်မှန်းထားကြောင်း ဂျကာတာပိုစ့်သတင်းက စနေနေ့တွင် ရေးသားဖော်ပြသည်။

အင်ဒိုနီးရှားနိုင်ငံသို့ လာမည့်နှစ်တွင် ကမ္ဘာလှည့်ခရီးသည် ခုနစ်သန်း လာရောက်မည်ဟု ခန့်မှန်းထားသည်။ ယခုနှစ်တွင် ခရီးသွားလုပ်ငန်း လျာထားချက် ပြည့်မီခြင်းမရှိသော်လည်း ယခုနှစ်ပထမ ၁၀လတာကာလတွင် လွန်ခဲ့သည့်နှစ် အလားတူ ကာလကထက် ကမ္ဘာလှည့်ခရီးသည်များ ပိုမိုလာရောက်ခဲ့ကြောင်း ယဉ်ကျေးမှုနှင့် ကမ္ဘာလှည့်ခရီးသည်များလုပ်ငန်း ဝန်ကြီးဌာန ဈေးကွက်တိုးချဲ့ရေးဌာန ညွှန်ကြားရေးမှူးချုပ် သမ်ရင်ဘီဝါနာ ဘာချာရီက ပြောကြားသည်။

၁၄ဒသမ ၄ရာခိုင်နှုန်း တိုးတက်လာ

ယခုနှစ် ဇန်နဝါရီလမှ အောက်တိုဘာလအထိ ကမ္ဘာလှည့်ခရီးသည် လာရောက်မှု ၁၄ ဒသမ ၄ ရာခိုင်နှုန်း တိုးတက်လာကြောင်း ၎င်းက ပြောကြားသည်။ အထူးသဖြင့် အရှေ့တောင်အာရှ နိုင်ငံများအသင်း (အာဆီယံ)ဝင် မလေးရှားနှင့် စင်ကာပူနိုင်ငံများမှ ခရီးသည်များသည် အင်ဒိုနီးရှားနိုင်ငံသို့ လာရောက်ကြကြောင်း၊ ဘာလီကျွန်းသည် ကမ္ဘာလှည့်ခရီးသည်များ အရောက်အပေါက် အများဆုံးနေရာဖြစ်ကြောင်း ၎င်းက ပြောကြားသည်။***အမ်အင်အေ၊ဆင်ဟွာ။***

နိုင်ငံတကာ ထူးခြားသတင်းများ

တာဂျီကစ္စတန်၌ ဆီးနှင်းတောင်ပြိုကျ ၁၆ ဦးသေဆုံး၊ လူအချို့ပိတ်မိနေ

ဒူရှန်ဘေ ဒီဇင်ဘာ ၂၃

တာဂျီကစ္စတန်နိုင်ငံရှိ တောင်တန်းဒေသတွင် ဆီးနှင်းတောင်ပြိုကျမှု ဖြစ်ပွားသဖြင့် ၁၆ ဦးထက် မနည်း သေဆုံးကြောင်း၊ လူအချို့မှာ ဆီးနှင်းများအောက်တွင် ပိတ်မိနေကြောင်း ပြည်ထဲရေးဝန်ကြီးဌာန တာဝန်ရှိသူတစ်ဦးက စနေနေ့တွင် ပြောကြားသည်။

ရက်ပေါင်းအတန်ကြာမျှ ဆီးနှင်းများ သိပ်သည်းစွာ ကျရောက်ခဲ့ပြီးနောက် မြို့တော်ဒူရှန်ဘေနှင့် ဒူဒီဂျန်မြို့တို့ကို ဆက်သွယ်ထားသော အဝေးပြေးလမ်းကို ပိတ်ထားရသည်။

တောင်ပေါ်တွင် ဖောက်လုပ်ထားသည့် ယင်းလမ်းပေါ်မှ ဆီးနှင်းခဲများကို ရှင်းလင်းလျက်ရှိကြောင်း၊ ဒူရှန်ဘေ မြောက်ဘက် ၄၅ မိုင်အကွာ လမ်းမတစ်နေရာတွင် ထရပ်ကားများ ပိတ်မိနေကြောင်း တာဝန်ရှိသူက ပြောကြားသည်။

တာဂျီကစ္စတန်နိုင်ငံ နယ်မြေ၏ ၉၃ ရာခိုင်နှုန်းမှာ တောင်တန်းဒေသဖြစ်သည်။ ဆီးနှင်းတောင် ပြိုကျမှုကြောင့် သေဆုံးသူ ၁၆ ဦးရှိကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ ရဲမှူးကြီး ခိုင်ဒါမာခါမီဒီယက်ဗ်က ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ***

KNU အကြမ်းဖက်သောင်းကျန်းသူ အဖျက်သမားများ ပြည်ပမှထောက်ပံ့ငွေများရယူ၍ ပြည်တွင်း၌ အဖျက်အမှောင့်လုပ်ရပ်မျိုးစုံ ကြံစည်လုပ်ဆောင်လျက်ရှိ အဖျက်လုပ်ရပ်များကို ပြည်သူအားလုံးသတိပြုပြီး အချိန်မီသတင်းပေးပို့ကြရန် သက်ဆိုင်ရာက တိုက်တွန်းနှိုးဆော်ထား

နေပြည်တော် ဒီဇင်ဘာ ၂၃

KNU **အကြမ်းဖက်သောင်းကျန်းသူ အဖျက်သမားများသည် နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို နှောင့်ယှက်ဖျက်ဆီးရန်ရည်ရွယ်၍ နိုင်ငံအတွင်း ဖောက်ခွဲဖျက်ဆီးမှုများ၊ လက်နက်အားကိုးဖြင့် အပြစ်မဲ့ပြည်သူများအပေါ် အနိုင်ကျင့်လုယက်သတ်ဖြတ်မှုများ၊ မိုင်းထောင် မီးရှို့ဖျက်ဆီးမှုများ စသည့် အဖျက်အမှောင့်လုပ်ရပ်များကို ပြည်ပအားကိုးဖြင့် တစိုက်မတ်မတ်လုပ်ဆောင်လျက်ရှိရာ ဒီဇင်ဘာ ၁၈ ရက်တွင် ကော့ကရိတ်မြို့မှ မြဝတီမြို့သို့ ထွက်ခွာလာသည့် ခရီးသည်တင်မော်တော်ယာဉ်တစ်စီးအား ဆွဲမိုင်းဖောက်ခွဲ၍ လောင်ချာများ၊ လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့သဖြင့် ခရီးသည်ရှစ်ဦးသေဆုံးပြီး ခြောက်ဦးဒဏ်ရာရရှိခဲ့မှုကို ဒီဇင်ဘာ ၂၀ ရက် သတင်းစာများတွင် ဖော်ပြခဲ့ပြီးဖြစ်သည်။**

ယခုကဲ့သို့ ပြည်တွင်း၌ အဖျက်အမှောင့်လုပ်ရပ်များ၊ အကြမ်းဖက်မှုများ လုပ်ဆောင်ရန်အတွက် အင်အားကြီးနိုင်ငံအချို့နှင့် ၎င်းတို့၏ဩဇာခံ ပြည်ပြေးအဖွဲ့များက ငွေကြေးများထောက်ပံ့ပေးအပ်လျက်ရှိကြောင်း သတင်းဆက်များ ဖော်ထုတ်သိရှိရသည်။

NCUB မှ မောင်မောင်(ခ)ပြည်သစ်ညွှန့်ဝေ၊ ခိုင်စိုးနိုင်အောင်၊ မျိုးဝင်း၊ မြင့်သိန်း၊ KNU ဒုဥက္ကဋ္ဌ တာမလာဘော၊ မူတူးဆေးဖိုး၊ အော်လီဗာ၊ ပြီလုစိန်၊ ရှုဝံနှင့် KNDO မှ မန်းကျော်ဖေတို့ အပါအဝင် အင်အား ၁၅ ဦးခန့်သည် နိုဝင်ဘာ ၂၈ ရက်တွင် တစ်ဖက်နိုင်ငံ မဲဆောက်မြို့ရှိ NCUB ရုံး၌ တွေ့ဆုံ၍ အဖျက်လုပ်ရပ်များ အရှိန်မြှင့်လုပ်ဆောင်ရန် ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း၊ NCUB မောင်မောင်(ခ) ပြည်သစ်ညွှန့်ဝေက KNU အတွက် မူတူးဆေးဖိုးထံ ဒေါ်လာနှစ်သောင်း ထောက်ပံ့ခဲ့ကြောင်း၊ ယခု ထောက်ပံ့ပေးခြင်းသည် ဒုတိယအကြိမ်မြောက်ဖြစ်ကာ ၂၀၀၇ ခုနှစ် မတ်လက KNU တပ်မဟာ (၇)မှူး ဂျော်နီထံ တစ်ကြိမ်ထောက်ပံ့ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သိရှိရသည်။

အလားတူ ဒီဇင်ဘာ ၆ ရက်က KNU ဒုဥက္ကဋ္ဌ တာမလာဘော၏ နေအိမ်၌ အမေရိကန်လေတပ်မှ ဗိုလ်မှူးအဆင့်ရှိ ရောဘတ်ဂျွန်စတင်လ်နှင့် တာမလာဘော၊ ပဒိုမန်းရှာ၊ စိုးစိုးတို့တွေ့ဆုံဆွေးနွေးခဲ့ကြောင်း ရောဘတ်ဂျွန်စတင်လ်မှ တာမလာဘောထံ လက်နက်၊ ခဲယမ်း၊ လမ်းလျှောက်စကားပြောစက်နှင့် ဝတ်စုံများဝယ်ယူရန် ထောက်ပံ့ငွေအပါအဝင် စာရွက်စာတမ်းများ ပေးအပ်ခဲ့ကြောင်း၊ ထပ်မံထောက်ပံ့ပေးအပ်ရန်လည်းရှိကြောင်း သိရသည်။

KNU အကြမ်းဖက်သောင်းကျန်းသူများသည် ပြည်ပမှ ထောက်ပံ့သည့်ငွေများဖြင့် လက်နက်ခဲယမ်းများဝယ်ယူပြီး နိုင်ငံအတွင်း မငြိမ်မသက်မှုများ၊ ထိတ်လန့်ကြောက်ရွံ့မှုများဖြစ်ပေါ်စေရန် ရည်ရွယ်၍ အကြမ်းဖက်လုပ်ရပ်မျိုးစုံကို လုပ်ဆောင်လျက်ရှိသည့်အပြင် ဆက်လက်လုပ်ဆောင်ရန်လည်း ကြံစည်လျက်ရှိကြောင်း သတင်းရရှိသည်။

သို့ပါ၍ အများပြည်သူတို့အနေဖြင့် ပြည်ပအဖျက်သမားများနှင့် ပြည်တွင်းအကြမ်းဖက်အဖျက်သမားများ၏ အဖျက်လုပ်ရပ်မှန်သမျှကို သတိပြုပြီး တာဝန်ရှိသူများထံ အချိန်မီသတင်းပေးပို့သွားကြရန် သက်ဆိုင်ရာက တိုက်တွန်းနှိုးဆော်ထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

KNU အကြမ်းဖက်သောင်းကျန်းသူများ ဆွဲမိုင်းတစ်လုံးဖောက်ခွဲပြီး လောင်ချာ၊ လက်နက်ငယ်များဖြင့် ပစ်ခတ်မှုကြောင့် ဒဏ်ရာရရှိသွားသည့် ဘားအံမြို့နယ်မှ မဝင်းနန္ဒာ (၅)နှစ်အား ကော့ကရိတ်ပြည်သူ့ဆေးရုံတွင် ကုသပေးနေစဉ်။ (သတင်းစဉ်)

KNU အကြမ်းဖက်သောင်းကျန်းသူများ ဆွဲမိုင်းတစ်လုံးဖောက်ခွဲပြီး လောင်ချာ၊ လက်နက်ငယ်များဖြင့် ပစ်ခတ်မှုကြောင့် သေဆုံးသွားသည့် **ခရီးသည်အမျိုးသားတစ်ဦးအား တွေ့ရစဉ်။** (သတင်းစဉ်)

KNU အကြမ်းဖက်သောင်းကျန်းသူများ ဆွဲမိုင်းတစ်လုံးဖောက်ခွဲပြီး လောင်ချာ၊ လက်နက်ငယ်များဖြင့် ပစ်ခတ်မှုကြောင့် သေဆုံးသွားသည့် **ခရီးသည် အမျိုးသမီးတစ်ဦးအား တွေ့ရစဉ်။** (သတင်းစဉ်)

KNU အကြမ်းဖက်သောင်းကျန်းသူများ ဆွဲမိုင်းတစ်လုံးဖောက်ခွဲပြီး လောင်ချာ၊ လက်နက်ငယ်များဖြင့် ပစ်ခတ်မှုကြောင့် သေဆုံးသွားသည့် **နို့စို့အရွယ် လူမမယ်သမီးလေးအား တွေ့ရစဉ်။** (သတင်းစဉ်)

စာဆိုတော်နေ့အထိမ်းအမှတ် ဟောပြောပွဲနှင့် စာဖတ်ဝိုင်းကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၃

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လသာမြို့နယ်ရုံးက စာဆိုတော်နေ့ ဂုဏ်ပြုဟောပြောပွဲနှင့် စာဖတ်ဝိုင်းကို ဒီဇင်ဘာ ၁၂ ရက်က အမက(၁) လသာ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဦးစီးမှူးဒေါ်မူမူတင်က စာဖတ်ဝိုင်း ကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းဟောပြောသည်။ ထို့နောက် စာရေးဆရာ ချစ်နိုင် (စိတ်ပညာ)၏ "အကြီးအမှူးဖြစ်စေတတ်သောတရား" ဆောင်းပါးကို ကျောင်းသူ မတင်ထက်ထက်ထွန်းကလည်းကောင်း၊ "မှတ်ဉာဏ်ကောင်းရန် မခက်ပါ" ဆောင်းပါးကို ကျောင်းသားမောင်ကောင်းစည်သူက လည်းကောင်း ဖတ်ကြားသည်။

ယင်းနောက် မြို့နယ်ဦးစီးမှူး ဒေါ်မူမူတင်က ဖတ်ကြားမှုများကို ပြန်လည်သုံးသပ် ဆွေးနွေးသည်။ အလားတူ စာဖတ်ဝိုင်းကို အလက(၁) လသာ၌ ဒီဇင်ဘာ ၁၃ ရက်က ကျင်းပခဲ့သည်။

(မြို့နယ်ပြန်/ဆက်)

မင်္ဂလာညစာစားပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်နေ ဦးမြင့်စိုး–ဒေါ်အေးအေး(ရောင်ခြည်ဦး ရတနာရွှေဆိုင်) တို့၏သားကြီး

ဗိုလ်ကြီးဇေဖြိုး B.E(Civil), M.E (Civil)

နှင့်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်နေ ဦးအုန်းကျော် (လ/ထ အမှုဆောင်အင်ဂျင်နီယာ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း–(ငြိမ်း)၊ အကြီးတန်းလိုင်စင်အင်ဂျင်နီယာ၊ ရန်ကုန်မြို့တော်စည်ပင်)–ဒေါက်တာတင်တင်မြတို့၏သမီးငယ်

ဒေါက်တာတင်နွယ်နွယ်ကျော် M.B.,B.S (Ygn)

တို့၏ ၁၉–၁၂–၂၀၀၇ ရက်တွင် တရားရုံးချုပ်၌ ထိမ်းမြားမင်္ဂလာလက်မှတ်ရေးထိုးပေးပါသော တရားရုံးချုပ် တရားသူကြီး ဦးခင်မြင့်အားလည်းကောင်း၊ ၂၃–၁၂– ၂၀၀၇ နေ့တွင် Traders Hotel (Myanmar Ball Room) ၌ကျင်းပသော မင်္ဂလာညစာစားပွဲ၌ မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးသော ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ (ငြိမ်း)နှင့်ဇနီး ဒေါ်အေးပြည့်ဝေခင်တို့အားလည်းကောင်း၊ မင်္ဂလာလက်စွပ် ချီးမြှင့်ပေးသော ပါမောက္ခ ဒေါက်တာဦးမြင့်သိန်း (ဦးနှောက်ခွဲစိတ်)နှင့် ဇနီး ပါမောက္ခ ဒေါက်တာဒေါ်မိမိချို (ဦးနှောက်ဆေးကု)တို့အားလည်းကောင်း၊ အခမ်းအနားမှူး ဦးကျော်စိုးဦး၊ မင်္ဂလာဝတ်စုံ မိတ်ကပ်နှင့်ပန်းအလှဖန်တီးရှင် ခင်စန်းဝင်းနှင့်အဖွဲ့၊ The Aces တေးဂီတအဖွဲ့၊ မင်္ဂလာဗီဒီယိုနှင့် ဓာတ်ပုံစိုင်းဘုန်းထူးနှင့်အဖွဲ့၊ မင်္ဂလာပန်းကြဲပေးသော မခိုင်ဝါနှင်း၊ မင်္ဂလာပန်းကုံးနှင့် လက်စွပ်ဗန်း ကိုင်ဆောင်ပေးသော မသီရိခိုင်၊ သတို့သားအရံ ဗိုလ်ကြီးနှင်းစိုး၊ ဗိုလ်ကြီးတင်ထွန်းဦး၊ သတို့သမီးအရံ ဒေါက်တာဖြူနွဲ့ဇင်၊ ဒေါက်တာ စိုးစန္ဒီလင်းတို့အားလည်းကောင်း၊ မင်္ဂလာပွဲဖြစ်မြောက်ရေးအတွက်အဘက်ဘက်မှ ဝိုင်းဝန်းကူညီကြသောသူများနှင့် Traders Hotel မှမန်နေဂျာနှင့်ဝန်ထမ်းများအားလည်းကောင်း၊ မင်္ဂလာလက်ဖွဲ့ ပေးပို့ချီးမြှင့်ကြသော ရပ်နီးရပ်ဝေးမှ မိတ်ဆွေများအားလည်းကောင်း၊ မင်္ဂလာပွဲကို တက်ရောက်အားပေးချီးမြှောက်ကြသော ဂုဏ်သရေရှိ ဆွေမျိုးမိတ်သင်္ဂဟအားလုံးတို့အား ကျေးဇူးဥပကာရအထူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ကြီးဇေဖြိုး–ဒေါက်တာတင်နွယ်နွယ်ကျော်

ဇီဝမျိုးကွဲတွေကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

မင်္ဂလာညစာစားပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ အမှတ်၉/၁၁၊ဗိုလ်တထောင်လမ်းသွယ်(၂)လမ်းနေ ဦးမြင့်သိန်း[လ/ထညွှန်မှူး(ငြိမ်း) MOGE Executive Director (Myanmar Offshore Ltd] – ဒေါက်တာဒေါ်စုစုလှိုင် (အထူးဇီဝဗေဒအထူးကုဆရာဝန်ကြီး၊ ရောဂါဗေဒဌာန၊ YGH) တို့၏သားကြီး

ဒေါက်တာထူးအောင်ချို [M.B.,B.S(Ygn)
Franchising Officer (PSI/Myanmar)]

နှင့်

ရန်ကုန်မြို့၊အမှတ် (G-15) အေးသာယာလမ်း၊ FMI City နေ ဒေါက်တာဦးစိုးလှိုင်(ဓာတ်မှန်ဆရာဝန်ကြီး–ငြိမ်း)– ဒေါ်မြင့်မြင့်ဝင်းတို့၏သမီးလတ်

ဒေါက်တာနှင်းဝေလှိုင် M.B.,B.S(Ygn)
Franchising Officer (PSI/Myanmar)

တို့၏၄–၁၂–၂၀၀၇နေ့တွင် Hotel Nikko Royal Lake ၌ မင်္ဂလာမော်ကွန်းလက်မှတ်ရေးထိုးပေးသော ရန်ကုန်တိုင်း တွဲဖက်တိုင်းတရားသူကြီး ဒေါ်စိုးစိုးအောင်အား လည်းကောင်း၊ ၈–၁၂–၂၀၀၇နေ့တွင် ပေါက်စေတီကျောင်းတိုက် မင်္ဂလာဦးဆွမ်းကျွေးပွဲသို့ကြွရောက်ချီးမြှင့်ကြသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအားလည်းကောင်း၊ ၂၃–၁၂–၂၀၀၇နေ့တွင် Traders Hotel ၌ ကျင်းပသော မင်္ဂလာညစာစားပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးသော ဆေးတက္ကသိုလ်(၁)ပါမောက္ခချုပ် ဒေါက်တာဦးအေးမောင်ဟန်နှင့်ဇနီး ဒေါက်တာ ဒေါ်သီရိထွန်းမြင့် (ဒုညွှန်ကြားရေးမှူး၊ FDA)တို့အားလည်းကောင်း၊မင်္ဂလာလက်ထပ်လက်စွပ်ဆင်မြန်းပေးသော Mr. John Hetherington (Country Director,PSI/Myanmar) နှင့် ဇနီး Mrs. Karine Hetherington) တို့အားလည်းကောင်း၊ မင်္ဂလာဆုတောင်းစကား မြွက်ကြားပေးသော Dr. ဦးစိုးတင့်အောင် (Manager, ,Int: procurement, PSI/Myanmar အားလည်းကောင်း၊ အခမ်းအနားမှူး ဒေါ်တင်မိုးလွင် (Talent & Model)၊ မင်္ဂလာပန်းကြဲပေးသော ဒေါက်တာနန္ဒာအေး၊ သတို့သားအရံ ဒေါက်တာဇော်ဝင်းအောင်၊ ဒေါက်တာဇော်ထွန်းလင်း၊ သတို့သမီးအရံ ဒေါက်တာချိုချိုအေးနှင့် ချစ်ညီမငယ် သင်းနုလှိုင်၊ Azydus တေးဂီတအဖွဲ့၊ အလှဖန်တီးရှင်ခင်စန်းဝင်းနှင့်အဖွဲ့၊ မင်္ဂလာဝတ်စုံ Forever၊ မှတ်တမ်းတင်ဓာတ်ပုံနှင့် ဗီဒီယို ဝဏ္ဏခွာနီးနှင့်အဖွဲ့၊ Studio 49 မှ ညီအစ်ကိုများ၊ Hotel Nikko Royal Lake (Pool Side) ၌ ကျင်းပသော မင်္ဂလာညစာစားပွဲသို့ ကြွရောက်ချီးမြှင့်ကြသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် Traders Hotel နှင့် Hotel Nikko Royal Lake မှ မန်နေဂျာများနှင့် ဝန်ထမ်းများအားလည်းကောင်း၊ မင်္ဂလာပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသူများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို လှိုက်လှဲစွာ ကျေးဇူးဥပကာရ တင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဒေါက်တာထူးအောင်ချို–ဒေါက်တာနှင်းဝေလှိုင်

SANG DA MOTORCAR MANUFACTURING CO.,LTD

SANG DAမော်တော်ယာဉ်များကို HAPPY NEW YEAR အထူးအစီအစဉ်အနေဖြင့်

SANG DA (1 TON TRUCK) မော်တော်ယာဉ်များကို တစ်စီးလျှင် ကျပ် ၁၂၃ သိန်းဖြင့်

(တစ်ဦးလျှင် တစ်စီးနှုန်း) (၁၈.၁၂.၂၀၀၇)မှ (၈.၁.၂၀၀၈) အထိ အထူးစျေးနှုန်းဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

(အရေအတွက်ကန့်သတ်ထားပါသည်)

အမှတ်(၅၉)၊ သာကေတစက်မှုဇုံ၊ အပိုင်း(၃)(၄) (ကွန်မြူနတီတက္ကသိုလ်အနီး)၊ ရွှေပြည်သာမြို့နယ်။
ဖုန်း – ၆၀၁၂၂၉၊ ၆၁၁၃၅၁၊ ၀၉–၅၁ ၅၃၄၈၃၊ ၀၉–၅၁ ၇၀၁၃၈

ပွဲရုံဆိုင်ခန်းများရောင်းချရန် ကြော်ငြာခြင်း

၁။ မြဝတီမြို့၊ နယ်စပ်ကုန်သွယ်ရေးဇုန်တွင် ကုန်သွယ်မှုလုပ်ငန်းများဆောင်ရွက်နိုင်ရန် ပွဲရုံဆိုင်ခန်းများ ဆောက်လုပ်ပြီးဖြစ်ပါသည်။ ၎င်းပွဲရုံဆိုင်ခန်းများအား ဝယ်ယူမည်ဆိုပါက အောက်ပါကုမ္ပဏီ(၃)ခုမှ ရောင်းချပေးမည်ဖြစ်ပါသည်။

၂။ ပွဲရုံဆိုင်ခန်းများ၏ အကျယ်အဝန်းနှင့်တန်ဖိုးငွေများမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က)	မက်စ်မြန်မာကုမ္ပဏီ	-	
	(၂၀'x၅၀') နှစ်ထပ်(၁)ခန်း	-	၄၂၀ ကျပ်သိန်း
(ခ)	ဒေင်တုမ္ပဏီ	-	
	(၂၀'x၅၀') နှစ်ထပ်(၁)ခန်း	-	၃၆၀ ကျပ်သိန်း
	(၁၃'x၅၀') နှစ်ထပ်(၁)ခန်း	-	၂၃၄ ကျပ်သိန်း
(ဂ)	ရွှေဝါမြေကုမ္ပဏီ	-	
	(၂၅'x၅၀') နှစ်ထပ်(၁)ခန်း	-	၄၅၀ ကျပ်သိန်း

၃။ ပွဲရုံဆိုင်ခန်းများဝယ်ယူရာတွင် အောက်ပါစည်းကမ်းချက်များအတိုင်း ဝယ်ယူနိုင်ပါသည် -

(က) ပြည်ထောင်စုမြန်မာနိုင်ငံတော် မြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) နိုင်ငံတော်၏ တရားဥပဒေများကို လိုက်နာစောင့်ထိန်းသူဖြစ်ရမည်။ တရားဥပဒေဘောင်ပြင်မရှိ တစ်ဦးတစ်ယောက်ဖြစ်စေ၊ အဖွဲ့အစည်းတခုခုဖြစ်စေ၊ အဖွဲ့အစည်းများနှင့်ဖြစ်စေ အဆက်အသွယ်ရှိသူ မဖြစ်စေရ။

(ဂ) မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေနှင့် တရားမဝင်သောနည်းလမ်းဖြင့် ရရှိသည့်ငွေကြေးနှင့် ပစ္စည်းများထိန်းချုပ်ရေးဥပဒေကို ကိုယ်တိုင်ကျူးလွန်ဖောက်ဖျက်ခဲ့ဖူးသူသော်လည်းကောင်း၊ ဥပဒေကိုကိုယ်တိုင်ဖောက်ဖျက်ကျူးလွန်ခဲ့ဖူးသော်လည်းကောင်း၊ ကျူးလွန်ဖောက်ဖျက်သူများနှင့် ပတ်သက်ဆက်စပ်မှုရှိသူသော်လည်းကောင်း မဖြစ်စေရ။

(ဃ) ပွဲရုံဆိုင်ခန်းများ ရောင်းချရာတွင် သက်ဆိုင်ရာဒေသကုန်သည်ကြီးများအသင်းဝင် (သို့) ပြည်နယ်ကုန်သည်ကြီးများ နှင့်စက်မှုလုပ်ငန်းရှင်များအသင်းဝင် (သို့) ပြည်ထောင်စုမြန်မာနိုင်ငံတော်ကုန်သည်ကြီးများနှင့် စက်မှုလုပ်ငန်းရှင်များအသင်းဝင်များ၊ ညီနောင်အသင်းဝင်များအား ဦးစားပေးရောင်းချပါမည်။

(င) ပွဲရုံဆိုင်ခန်းများအား ဝယ်ယူရာတွင်ပွဲရုံဆိုင်ခန်းတန်ဖိုးအား အရစ်ကျစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များသိရှိလိုပါက အောက်ပါနေရာများတွင် စုံစမ်းနိုင်ပါသည် -

(က)	မက်စ်မြန်မာကုမ္ပဏီ	-	၀၉၅၂၀၀၅၅၃၊ ၀၁ - ၅၂၄၀၁၆၊ ၅၂၇၇၉၇
(ခ)	ဒေင်ကုမ္ပဏီ	-	၀၁ - ၅၀၀၉၈၀/၉၈၅
(ဂ)	ရွှေဝါမြေကုမ္ပဏီ	-	၀၉၂၀၀၆၂၀၆၊ ၀၁ - ၃၇၄၉၆၄၊ ၃၈၁၉၉၄
(ဃ)	နယ်စပ်ကုန်သွယ်ရေးဦးစီးဌာနရုံး-		၀၆၇ - ၄၀၈၀၇၄/၀၀၇

ဆေးနှင့်ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်း နှစ်ပတ်လည်အစည်းအဝေးကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၃

မြန်မာနိုင်ငံဆေးနှင့်ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်း ဆဋ္ဌမအကြိမ် နှစ်ပတ်လည်အစည်းအဝေးကို ဒီဇင်ဘာ ၁၉ရက် မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံဆရာဝန်အသင်း၌ ကျင်းပရာ သဘာပတိ မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်း ကုန်သည်များနှင့် လုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဒေါက်တာမောင်မောင်လေးနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်တို့က အမှာစကား ပြောကြားကြသည်။

ယင်းနောက် အသင်းအတွင်းရေးမှူး ဒေါက်တာစောလှထွန်းက အလုပ်အမှုဆောင်အဖွဲ့၏ နှစ်ပတ်လည်အစီရင်ခံစာနှင့် နှစ်ချုပ်ငွေစာရင်းရှင်းတမ်းတို့ကို ဖတ်ကြားအတည်ပြုချက်ရယူသည်။

ထို့နောက် ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးဦးက ၂၀၀၇–၂၀၀၉ခုနှစ်အတွက်ဥက္ကဋ္ဌ ဒေါက်တာဝင်းစည်သူ၊ အတွင်းရေးမှူး ဦးဇော်မိုးခိုင်တို့ပါဝင်သည့် ဗဟိုအလုပ်အမှုဆောင်ကိုးဦးနှင့် အလုပ်အမှုဆောင် ၁၉ဦးတို့၏ အမည်စာရင်းကို ဖတ်ကြားကြေညာသည်။

ထို့နောက် အသင်းဥက္ကဋ္ဌသစ် ဒေါက်တာဝင်းစည်သူက နိဂုံးချုပ်စကားပြောကြားသည်။**(အပေါ်ပုံ)**

အသင်းနှစ်ပတ်လည်အစည်းအဝေးနှင့်အတူ အသင်းဝင်ကုမ္ပဏီ ၁၇ခုတို့၏ ဆေးနှင့်ဆေးပစ္စည်းပြခန်းများကိုလည်း ခင်းကျင်းပြသကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)

အထက (၂)လသာ အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၂၃

၁၉၆၃မှ ၂၀၀၇အထိ အထက (၂)လသာမှ ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၉ရက်(စနေနေ့)နံနက် ၉နာရီတွင် မြည်လာခန်းမတွင်ကျင်းပမည်ဖြစ်ပါ၍ ဖိတ်စာရသည်ဖြစ်စေ မရသည်ဖြစ်စေ ဆရာမများနှင့် ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြပါရန် ကျင်းပရေးကော်မတီက နှိုးဆော်ထားသည်။ (က–ပ)

ပြည်သူ့ဆန္ဒ သဘောထား

☆ တည်ငြိမ်မှုကို လိုလားသည်

☆ အေးချမ်းမှုကို လိုလားသည်

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား

လောကအလှစာကြည့်တိုက်ဖွင့်ပွဲနှင့် သံဃာ့ဂုဏ်ရည် သုံးထပ်ကျောင်းဆောင်အတွက် ပထမအကြိမ် အလှူတော်ငွေပေးအပ်ပွဲသို့ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်ကြည့်ရှု

ရန်ကုန် ဒီဇင်ဘာ ၂၃

ဓမ္မဝိဟာရ ပထမကျော်စာသင်တိုက်နှင့် ဓမ္မရိပ်သာရှိ "လောကအလှ"စာကြည့်တိုက် ဖွင့်ပွဲနှင့် သံဃာ့ဂုဏ်ရည် သုံးထပ်ကျောင်းဆောင်အတွက် ပထမအကြိမ် အလှူတော်ငွေ ပေးအပ်ပွဲကို ယမန်နေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ် (င/က)ရပ်ကွက် ဇာဝေယာလမ်းရှိ အဆိုပါစာသင်တိုက်နှင့် ဓမ္မရိပ်သာ၌ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်ကြည့်ရှုပြီး အလှူငွေများ လက်ခံသည်။

အခမ်းအနားသို့ နိုင်ငံတော် ဩဝါဒါစရိယ ဗဟန်းမြို့နယ် ညောင်တုန်းကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသောဘဏအမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်း၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အလှူရှင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည့်ရှုကြသည်။

ရှေးဦးစွာ "လောကအလှ" စာကြည့်တိုက်ဖွင့်ပွဲကိုကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်းနှင့် အလှူရှင် ရုပ်ရှင်နှင့်ဗီဒီယိုသရုပ်ဆောင် ခန့်စည်သူတို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်းတို့က "လောကအလှ"စာကြည့်တိုက်အတွက် စာအုပ်များကို ပေးအပ်လှူဒါန်းကြပြီး စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုအားပေးကြသည်။

အဆိုပါ "လောကအလှ"စာကြည့်တိုက်သည် အလျား၂၇ပေ၊ အနံ ၁၁ပေရှိ သွပ်မိုး အုတ်ညှပ် အမျိုးအစားဖြစ်ပြီး အဆောက်အအုံနှင့် ပရိဘောဂ အပါအဝင် စုစုပေါင်းငွေကျပ်သိန်း ၄၀ဖြစ်ကာ အလှူရှင်များလှူဒါန်းသည့်

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ *

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေထံ သံဃာ့ဂုဏ်ရည် သုံးထပ်ကျောင်းဆောင် အတွက် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

ကြေးမုံ The Mirror ယနေ့ သတင်း အညွှန်း

အသည်းကောင်းလို့ ပွဲတောင်းသူများ ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ ➡ စာမျက်နှာ-၅

နိုင်ငံတကာ ဘောလုံးအားကစားသတင်းများ ➡ စာမျက်နှာ-၁၀

KNU အဖျက်လုပ်ရပ်များ ပြည်သူအားလုံး သတိပြု ➡ စာမျက်နှာ-၁၁

ထူးခြားသည့် ညအပူချိန် (၂၃-၁၂-၂၀၀၇)

ဟားခါး	-	(-၂) ဒီဂရီစင်တီဂရိတ်
နမ့်စန်၊ ပင်လောင်း၊ အမ်း	-	(၃) ဒီဂရီစင်တီဂရိတ်
ပူတာအို	-	(၄) ဒီဂရီစင်တီဂရိတ်

☆ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင်လုပ်နေသည်

☆ **BBC** ညာနေသည်

VOA လိမ်နေသည်

RFA ရန်တိုက်ပေးနေသည်

☆ အဲဒီ ဝေသာလီပုဏ္ဏား(ကုန်းချောသွေးထိုးသူ)များ မယုံလေနဲ့ သတိထား